... ပြင်ဆင်ချက် ... စာချုပ်သည် မူလ (...) အငှားချထားသူနှင့် အငှားချထား ... ခဲ့သော စာချုပ်၏တစ်စိတ်တစ်ဒေသ ဖြစ်စေရမည်။ ဤပြင်ဆင်သည့် အထက်ဖော်ပြပါ ... ကျန်မူလစာချုပ်ပါ ပြဋ္ဌာန်းသဘောတူညီချက်များသည် အပြောင်းအလဲမရှိပဲ ဆက်လက် ... စေရမည်။

ဤပြင်ဆင်ချက်စာချုပ်ကို နှစ်ဖက်လက်မှတ်ရေးထိုးပြီးနောက် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ... သဘောတူညီချက်ရရှိသည့်အခါ အတည်ဖြစ်စေရမည်။

အထက်ဖော်ပြပါ ပြင်ဆင်ချက်များကို သိရှိနားလည်သဘောပေါက်ပြီးသည့်အလျောက် စာချုပ်ဝင်နှစ်ဦးနှစ်ဖက် ... သည့် ဤသဘောတူစာချုပ်အထက်တွင် ဖော်ပြထားသော-ခုနှစ်၊ လနှင့် နေ့ရက်တို့တွင် မိမိတို့၏ လက်မှတ်နှင့် တံဆိပ်များကို အောက်၌ရိုက်နှိပ်ရေးထိုး သဘောတူညီကြပါသည်။

အငှားချထားသူ	အငှားချထားခြင်းခံရသူ
လက်မှတ်	လက်မှတ် ....
အမည် ဗိုလ်မှူးကြီး စိန်ဝင်းအောင်	အမည် ဦး [illegible] (အုပ်ချုပ်မှုဒါရိုက်တာ)
ရာထူး ဥက္ကဌ	ရာထူး အုပ်ချုပ်မှုဒါရိုက်တာ
လိပ်စာ မန္တလေးစည်ပင်သာယာရေးကော်မတီ	လိပ်စာ စီးတီးမင်းကုမ္ပဏီလီမိတက်

စည်ပင်သာယာရေးကော်မတီ မန္တလေး စာအမှတ် ...... ရက်စွဲ ......

စီးတီးမင်းကုမ္ပဏီလီမိတက်၊ မန္တလေး CITY MAN CO. LTD. MDY.

အသိသက်သေများ

(၁)	(၂)
လက်မှတ်	လက်မှတ် ....
အမည် ဦးဖေခင်	အမည် ဦးစန်းဝင်း
ရာထူး [illegible]	ရာထူး [illegible]
လိပ်စာ မန္တလေးမြို့စည်ပင်သာယာရေးကော်မတီ	လိပ်စာ [illegible] မန္တလေး


စာအမှတ်............................
ရက်စွဲ............................

(၁၅.၄၇၈၉)ဧက

...ကော်ပတီသို့လွှဲပြောင်းပေးသည့်ဧရိယာ-

...ရှိသော (၁၂.၁၈၈၁)ဧက

S.Y တိုက်ခန်းများ



[illegible]

ပေါင်း

၂။ [illegible] ဧရိယာ | ၀.၁၂၆၄

ပေါင်း | ၁၅.၆၀၅၃


နုတ်

၃။ ရတနာပုံ ဈေးအကျ်ခြမ်း ဧရိယာတွင် ပါဝင်သောဧရိယာ	၀.၄၉၀၇	
၄။ ရွှေဘုံသာဘုရားမြေ	၀.၉၀၈၈	
၅။ ၃၃ လမ်း ချဲ့ခြင်းကြောင့် လျော့နည်းခြင်း (၃၄ပေ×၄၇၅ပေ)	၀.၃၇၀၆	
၆။ မြေမှတ်တမ်းအရ ဧရိယာ နှင့် အမှန်တိုင်းတာချက်အရ ဧရိယာ တို့ကွာခြား လျော့နည်းခြင်း	၀.၃၅၁၅	
၇။ ၃၁ လမ်းအသစ်ဖေါက်၍ လျော့နည်းခြင်း (၄၀ပေ×၄၆၇ပေ)	၀.၄၂၈၈	
၈။ ၃၂ လမ်း အသစ်ဖေါက်၍ လျော့နည်းခြင်း (၈၀ပေ×၄၇၂ပေ)	၀.၈၆၆၈	၃.၄၁၇၂

အမှန်အသုံးပြုသည့် မြေဧရိယာ | ၁၂.၁၈၈၁

ဥက္ကဋ္ဌ (ကိုယ်စား)

(မေဝင်း၊ [illegible]၊ ရေး၊ မှူး)



(၁၂.၃၈၈၁)ဧက
ဒ.Y တိုက်ခန်းများ
အကွက်အမှတ် (၆၂၅)
ဘုရား
၃၁ ... လမ်း
အကွက်အမှတ် (၆၂၇)
(၅.၂၉၇၉) ဧက
၃၂ ... လမ်း
အကွက်အမှတ် (၆၃၂)
(၅.၄၆၇၄) ဧက
၃၃ ... လမ်း

(စ-၂)

မန္တလေးမြို့ စည်ပင်သာယာရေးကော်မတီ

နှင့်

ဓါးတံးမင်း ကုမ္ပဏီလီမိတက်

တို့အကြား

ချုပ်ဆိုသော

တည်ဆောက်၊ လုပ်ဆောင်၊ လွှဲပြောင်း

သဘောတူစာချုပ်

မန္တလေးမြို့ စည်ပင်သာယာရေးကော်မတီနှင့်

စီးတီးမင်း ကုမ္ပဏီလီမိတက်

တို့အကြား ချုပ်ဆိုသော

တည်ဆောက်၊ လုပ်ဆောင်၊ လွှဲပြောင်း သဘောတူစာချုပ်

မာတိကာ

မန္တလေးမြို့ စည်ပင်သာယာရေးကော်မတီနှင့် စီးတီးမင်း ကုမ္ပဏီလီမိတက်တို့အကြား ချုပ်ဆိုသော တည်ဆောက်၊ လုပ်ဆောင်၊ လွှဲပြောင်းသဘောတူစာချုပ်

စာချုပ်ချုပ်ဆိုသူများ

ပြည်ထောင်စုမြန်မာနိုင်ငံတော် မန္တလေးမြို့၌ တစ်ထောင့်ကိုးရာ ကိုးဆယ့်ခုနစ်ခုနစ်၊ မေလ၊ ၂၀ ရက်တွင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ဝန်ကြီးချုပ်ရုံးလက်အောက်ရှိ
မန္တလေးမြို့၊ စည်ပင်သာယာရေးကော်မတီ

(နောင်တွင် အခြားကွဲပြားသော အဓိပ္ပါယ်ဖော်ပြချက်မရှိလျှင် "မန်းစည်ပင်" ဟု ရည်ညွှန်းမည်ဖြစ်ပြီး ယင်းစကားရပ်တွင် ယင်း၏ဆက်ခံသူများ၊ တရားဝင်ကိုယ်စားလှယ်များ၊ ခွင့်ပြုပြီး လွှဲအပ်ခံသူများလည်း အကျုံးဝင်သည်ဟု မှတ်ယူရမည်ကို ဤကိစ္စအလို့ငှာ ကိုယ်စားပြုသူ"မန်းစည်ပင်"၏ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး စိန်ဝင်းအောင်ကတစ်ဖက်

နှင့်

အခြားတစ်ဖက်တွင်

အမှတ် (၄၀၂)၊ ကမ်းနားလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့တွင် မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေအရ ဖွဲ့စည်းထားသော စီးတီးမင်းကုမ္ပဏီလီမိတက် (နောင်တွင် အခြားကွဲပြားသော အဓိပ္ပာယ် ဖော်ပြချက်မရှိလျှင် "စီးတီးမင်း"ဟု ရည်ညွှန်းမည်ဖြစ်ပြီး ယင်းစကားရပ်တွင် ယင်း၏ ဆက်ခံသူများ တရားဝင် ကိုယ်စားလှယ်များ၊ ခွင့်ပြုပြီး လွှဲအပ်ခံရသူများ၊ အမွေဆက်ခံသူများလည်း အကျုံးဝင်သည်ဟု မှတ်ယူရမည်ကို ဤကိစ္စအလို့ငှာ ကိုယ်စားပြုသူစီးတီးမင်းကုမ္ပဏီလီမိတက်၏ ဒါရိုက်တာ ဦးတင်မောင် (ခ) လီစန်းရှင် (အမျိုးသားမှတ်ပုံတင်အမှတ်-တီဝိုင်အန် ၁၀၁၁၀၆) နှင့် အဖွဲ့တို့က ဤစာချုပ်ကို ရေးသားပါဝင်လျှက် လက်မှတ်ရေးထိုးပြီး ချုပ်ဆိုကြပါသည်။

အပိုဒ် ၁။ စာချုပ်၏ အပိုင်းအခြား

၁-၀၁ "မန်းစည်ပင်"သည် ၎င်းပိုင်ဆိုင်သော မန္တလေးမြို့၊ ချမ်းအေးသာဇံမြို့နယ်၊ ၇၇လမ်းနှင့် ၇၈လမ်း၊ ၃၀လမ်းနှင့် ၃၄လမ်းအကြားရှိ မီးရထားအိမ်ယာတွင် မြေငှားရမ်း၍ အဆောက်အဦးများ ဆောက်လုပ်နိုင်ရန်အတွက် မြေကွက်အကျယ်အဝန်း (၁၅.၄) ဧကကို နောက်ဆက်တွဲ (က)ပါ အတည်ပြုပြီး မြေပုံပေါ်တွင် ဖော်ပြထားသည့်အတိုင်း နှစ်ပေါင်း (၃၀) ငှားရမ်းရန် ဖြစ်ပါသည်။ နှစ်ပေါင်း (၃၀)ကာလ ကုန်ဆုံးပြီးနောက် နှစ်ဖက်သဘောတူညီလျှင် ပြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ထောက်ခံချက်ဖြင့် အစိုးရအဖွဲ့က ခွင့်ပြုပါက

ထပ်တိုး(၅)နှစ်ကာလ (၃)ကြိမ် ငှားရမ်းမည်။

၁-၀၂ "စီးတီးမင်း" သည်အဆိုပါမြေပေါ်တွင် တည်ဆောက်မှုလုပ်ငန်းများကို [illegible] ဆောက်လုပ်မည်။

(က) ဟိုတယ်တည်ဆောက်မှုလုပ်ငန်းတွင် ကျပ်သိန်းပေါင်း ၁၅၀၀ (ကျပ်သိန်းတစ်ထောင့်ငါးရာတိတိ)နှင့် US$ ၁၅သန်း (ဒေါ်လာ တစ်ဆယ့်ငါးသန်းတိတိ)ဖြင့်သော်လည်းကောင်း။

(ခ) Plaza တည်ဆောက်မှုလုပ်ငန်းတွင် ကျပ်သိန်းပေါင်း ၁၂၅၀(ကျပ်သိန်းတစ်ထောင့်နှစ်ရာငါးဆယ်တိတိ)နှင့် US$ ၁၂. ၅သန်း (ဒေါ်လာတစ်ဆယ့်နှစ်သန်းငါးသိန်းတိတိ)

(ဂ) Shopping Centre & Condominium တည်ဆောက်မှုလုပ်ငန်းတွင် ကျပ်သိန်းပေါင်း ၁၂၅၀ (ကျပ်သိန်းတစ်ထောင့်နှစ်ရာငါးဆယ်တိတိ)နှင့် US$ ၁၂. ၅ သိန်း (ဒေါ်လာတစ်ဆယ့်နှစ်သန်းငါးသိန်းတိတိ)ဖြင့်သော်လည်းကောင်း၊

(ဃ) Offices & Apartments တည်ဆောက်မှုလုပ်ငန်းတွင် ကျပ်သိန်းပေါင်း ၁၀၀၀ (ကျပ်သိန်းတစ်ထောင်တိတိ)နှင့် US$ ၁၀ သန်း (ဒေါ်လာတစ်ဆယ်သန်းတိတိ)ဖြင့်သော်လည်းကောင်း၊ တည်ဆောက်သွားမည်ဖြစ်၍ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ ကျပ်သိန်းပေါင်း ၅၀၀၀ (ကျပ်သိန်းငါးထောင်တိတိ) နှင့် US$ ၅၀သန်း(ဒေါ်လာငါးဆယ်သန်းတိတိ) အကုန်အကျခံ လျာထားတည်ဆောက်သွားမည်ဖြစ်ပါသည်။

၁-၀၃ "မန်းစည်ပင်"နှင့် "စီးတီးမင်း"တို့သည် "စီးတီးမင်း" က အဆိုပါ မြေကွက်နှင့်တကွ ဟိုတယ်နှင့် Plaza, Shopping Centre & Condominium, Offices & Apartments အဆောက်အအုံတို့ကို နှစ်ပေါင်း (၃၀)တိုင်တိုင် လုပ်ကိုင်ဆောက်ရွက်ပြီးနောက် ဤကာလကုန်ဆုံးသည့်အခါတွင် ယင်းအဆောက်အအုံများနှင့်ယင်းတို့နှင့် ဆက်နွယ်သည့်ပစ္စည်းများ အားလုံးကို ပုံမှန်အသုံးပြုရန် ကောင်းမွန်စွာ ထိန်းသိမ်းထားရှိသည့် အခြေအနေအတိုင်း အဖိုးစားနား တစ်စုံတစ်ရာမပါရှိဘဲ "မန်းစည်ပင်"ကို လွှဲပြောင်းပေးရန် သဘောတူကြသည်။

၁-၀၄ "စီးတီးမင်း"မှ တည်ဆောက်သည့် အဆောက်အအုံများသည် "မန်းစည်ပင်"၏ အတည်ပြုချက်ရရှိပြီးသောပုံစံအတိုင်းဖြစ်ရပါမည်။ ယင်းအဆောက်အအုံများတွင် (၁၆)ထပ်ရှိသော ဟိုတယ်၊ (၅)ထပ်ရှိသော Plaza ၊ (၈)ထပ်ရှိသော Shopping Centre & Condominium နှင့် (၉)ထပ်ရှိသော Offices & Apartments အဆောက်အအုံများ ပါဝင်မည်ဖြစ်ပါသည်။ ၎င်းပုံစံများကို နောက်ဆက်တွဲ (ခ)တွင် ဖော်ပြထားရှိပါသည်။

အပိုဒ်-၂ ငှားရမ်းခနှင့် ပေးချေမှုစည်းကမ်းသတ်မှတ်ချက်

၂-၀၁ "စီးတီးမင်း" က "မန်းစည်ပင်"သို့ ဟိုတယ်လုပ်ငန်းအတွက် ပေးချေရမည့် နှစ်စဉ်ငှားရမ်းခမှာ ကျပ်ငွေဖြင့်ရရှိသည့် စုစုပေါင်းဝင်ငွေ (gross income in kyats)၏ ၅% (ငါးရာခိုင်နှုန်း)နှင့် ညီမျှသော ကျပ်ငွေ (သို့မဟုတ်) ကျပ်သိန်း ၁၅၀ (ကျပ်သိန်းတစ်ရာ့ငါးဆယ်တိတိ)တို့အနက် များရာကို ပေးရမည့်

အပြင် အမေရိကန်ဒေါ်လာဖြင့် ရရှိသည့် စုစုပေါင်းဝင်ငွေ (gross income in US dollars) ၏ ၅% (ငါးရာခိုင်နှုန်း)ကိုလည်းပေးရမည်။

၂-၀၂ "စီးတီးမင်း" က "မန်းစည်ပင်"သို့ ကျန်လုပ်ငန်းများဖြစ်သည့် ပလာဇာ (Plaza)၊ ရုံးခန်း နှင့် လူနေအိမ်ခန်း (Offices & Apartments)၊ ဈေးဆိုင်ခန်းနှင့် အရောင်းပြခန်းများ (Shopping Centre & Condominium) လုပ်ငန်းများအတွက် ပေးချေရမည့် နှစ်စဉ်ငှားရမ်းခငွေမှာ ငှားရမ်းနိုင်သော ဧရိယာ (Net Rentable Area)၏ တစ်စတုရန်းမီတာလျှင် မြန်မာကျပ်ငွေဖြင့် ငှားရမ်းပါက ကျပ် ၆၀၀/- (ကျပ်ခြောက်ရာတိတိ)နှုန်းဖြင့်လည်းကောင်း၊ အမေရိကန်ဒေါ်လာငွေဖြင့် ငှားရမ်းပါက ၆ ဒေါ်လာ (ခြောက်ဒေါ်လာတိတိ) နှုန်းဖြင့်လည်းကောင်း ပေးချေရမည်။

၂-၀၃ အဆိုပါ ပလာဇာ (Plaza)၊ ရုံးခန်းနှင့်လူနေအိမ်ခန်း (Offices & Apartments)၊ ဈေးဆိုင်ခန်းနှင့် အရောင်းပြခန်းများ (Shopping Centre & Condominium) လုပ်ငန်းများအတွက် အကယ်၍ ငှားရမ်းရရှိခြင်းမရှိသောကြောင့် အရှုံးပေါ်ပေါက်ခဲ့ပါက နိုင်ငံတော်မှ တာဝန်ပေးသည့် စာရင်းစစ်အဖွဲ့ ဖြင့်စစ်ဆေးပြီး အဆိုပါစာရင်းစစ်အစီရင်ခံစာအရ အရှုံးပေါ်ပေါက်ကြောင်းမှန်ကန်သည်ဟု တွေ့ရှိရပါက အဆိုပါစာရင်းစစ်ဆေးသောကာလအတွက် ငှားရမ်းခပေးချေခြင်းမှ ကင်းလွတ်ခွင့်ပြုရန်ဖြစ်သည်။ အရှုံးပေါ်ပေါက်ခြင်းမရှိပါက အထက်ပါအပိုဒ် ၂-၀၂ တွင် သတ်မှတ်ချက်အတိုင်း ပေးချေရမည်။

၂-၀၄ "စီးတီးမင်း" သည် စာချုပ်ချုပ်ဆိုပြီး လက်ရှိအဆောက်အအုံအဟောင်းများ ရွှေ့ပြောင်းပေးပြီးသည့် နေ့မှစ၍ (၄၈)လအတွင်း (၁၆)ထပ်ရှိသော ဟိုတယ်၊ (၅)ထပ်ရှိသော Plaza၊ (၈)ထပ်ရှိသော Shopping Centre & Condominium နှင့် (၉)ထပ်ရှိသော Offices & Apartments အဆောက်အအုံများကို အပြီးအစီးတည်ဆောက်ပြီး ဖွင့်လှစ်နိုင်ရမည်။ အကယ်၍မဖွင့်လှစ်နိုင်ပါက ဖွင့်လှစ်နိုင်ဘိသကဲ့သို့ (၄၈)လပြည့်သည့်နေ့မှစ၍ သတ်မှတ်သည့် နှစ်စဉ်ငှားရမ်းခငွေဖြစ်သော ဟိုတယ်လုပ်ငန်းအတွက် ကျပ်သိန်း ၁၅၀ (ကျပ်သိန်းတစ်ရာ့ငါးဆယ်တိတိ) နှုန်းထားအတိုင်း ပေးချေရမည်။ ပလာဇာ (Plaza) ရုံးခန်းနှင့် လူနေအိမ်ခန်း (Offices & Apartments)၊ ဈေးဆိုင်ခန်းနှင့် အရောင်းပြခန်းများ (Shopping Centre & Condominium) လုပ်ငန်းများအတွက်လည်း နှစ်စဉ်ငှားရမ်းခဖြစ်သော ငှားရမ်းနိုင်သော ဧရိယာ (Net Rentable Area) ၏ တစ်စတုရန်းမီတာလျှင် မြန်မာကျပ်ငွေဖြင့် ငှားရမ်းပါက ကျပ် ၆၀၀/- (ကျပ်ခြောက်ရာတိတိ)နှုန်းဖြင့်လည်းကောင်း၊ အမေရိကန်ဒေါ်လာဖြင့် ငှားရမ်းပါက ၆ ဒေါ်လာ (ခြောက်ဒေါ်လာတိတိ)ကိုလည်းကောင်း ပေးသွင်းရမည်။

၂-၀၅ အထက်ပါအပိုဒ် ၂-၀၁ တွင် ပါရှိသော စုစုပေါင်းဝင်ငွေ (Gross Income) ဆိုသည်မှာ -

(က) အခန်းများငှားရမ်း၍ ရရှိသည့်ဝင်ငွေများ၊

(ခ) ခန်းမကြီးနှင့် အခြားဟိုတယ်လုပ်ငန်းများမှ ရရှိသည့်ဝင်ငွေများ၊

(ဂ) စားသောက်ဆိုင်နှင့် အပျော်ယမကာလုပ်ငန်းများမှ ရောင်းရသည့်ဝင်ငွေများ၊

(ဃ) ဝန်ဆောင်မှုလုပ်ငန်းအားလုံးမှ ရရှိသည့်ဝင်ငွေများ

(င) ဧည့်သည်များမှရရှိသော ပြန်ပေးရန်မလိုသည့်စဘော်ငွေများ၊

(စ) ဟိုတယ်လုပ်ငန်းဆောင်ရွက်ခြင်းအတွက် ရရှိသည့်အခြားဝင်ငွေများ။

အဆိုပါတွက်ချက်မှုတွင် အောက်ပါအချက်များ ပါဝင်ခြင်းမရှိပါ။

(က) ကုန်သွယ်လုပ်ငန်းခွန်၊

(ခ) ဧည့်သည်များသို့ ပြန်အမ်းရမည့်ငွေများကို စုစုပေါင်းဝင်ငွေတွင် ထည့်သွင်းတွက်ချက်ပြီးပါက နှုတ်ပယ်ရန်၊

(ဂ) စာရင်းကာလနှင့်မသက်ဆိုင်သည့် ကြိုတင်ရရှိသောဝင်ငွေများ။

၂-၀၆ "စီးတီးမင်း"သည် အပိုဒ် ၂-၀၁ နှင့် ၂-၀၂ ပါ ငှားရမ်းခများကို "မန်းစည်ပင်"သို့ ပေးချေနိုင်ရန် စာရင်းများကို နှစ်စဉ်ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးနောက် (၃)လအတွင်း ရေးဆွဲ၍ နိုင်ငံတော်စာရင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးပြီးနောက် "မန်းစည်ပင်"အား အတည်ပြုအကြောင်းကြားရမည်။ "မန်းစည်ပင်" မှလည်း စစ်ဆေးပြီး စာရင်းများကို "စီးတီးမင်း" သို့ အကြောင်း ကြားပေးပို့ ရမည်။ နှစ်စဉ်ငှားရမ်းခကို နှစ်ဦးနှစ်ဖက်ညှိနှိုင်း၍ (၅)နှစ်တစ်ကြိမ် ပြင်ဆင်သတ်မှတ်ခွင့်ရှိသည်။ သို့ရာတွင် ယင်းသို့နှစ်စဉ်သတ်မှတ်သည့် ငှားရမ်းခသည် မည်သည့်အခါတွင်မျှ နောက်ဆုံးပြင်ဆင်သတ်မှတ်ထားသည့် ငှားရမ်းခ၏ ၁၅%(တစ်ဆယ့်ငါးရာခိုင်နှုန်း) ထက်ပို၍ တိုးမြှင့်တောင်းခံခြင်း မပြုရ။

၂-၀၇ "စီးတီးမင်း" သည် အထက်အပိုဒ် ၂-၀၁ နှင့် ၂-၀၂ ပါအတိုင်း ပေးဆောင်ရန်ရှိသော ငှားရမ်းခများကို ရက်ပေါင်း ၃၀ (သုံးဆယ်)အတွင်း "မန်းစည်ပင်"သို့ ပေးချေရမည်။

၂-၀၈ "စီးတီးမင်း" သည် "မန်းစည်ပင်"သို့ မြေအသုံးချခွင့် (Land use premium) အဖြစ် ကျပ်သိန်း ၄၆၀၀ (ကျပ်သိန်းလေးထောင့်ခြောက်ရာ)ကို မြေငှားရမ်းခြင်း သဘောတူစာချုပ်ချုပ်ပြီးနောက် ယင်းစာချုပ်ပါအတိုင်း စာချုပ်ချုပ်ဆိုသည့်နေ့တွင် တစ်ဝက်ဖြစ်သော ကျပ်သိန်း ၂၃၀၀ (ကျပ်သိန်းနှစ်ထောင့်သုံးရာ)ကိုလည်းကောင်း စာချုပ်ချုပ်ဆိုသည့်နေ့မှ ၆ လ သို့မဟုတ် ၈ လ အတွင်း ကျန်တစ်ဝက်ဖြစ်သော ကျပ်သိန်း ၂၃၀၀. (ကျပ်သိန်းနှစ်ထောင့်သုံးရာ)ကိုလည်းကောင်း ပေးဆောင်ရမည်။

၂-၀၉ အထက်အပိုဒ် ၂-၀၄ ပါ အဆောက်အအုံများသည် စာချုပ်ချုပ်ဆိုပြီး လက်ရှိ အဆောက်အအုံဟောင်းများ ရွှေ့ပြောင်းပြီးနောက် (၄၈)လအတွင်း ပြီးစီးရပါမည်။ အကယ်၍ ၎င်းထက်စော၍ အဆောက်အအုံ တစ်ခုခုမှပြီးစီး၍ ဖွင့်လှစ်နိုင်ခဲ့ပါက ၎င်းတရားဝင်ဖွင့်လှစ်သည့်နေ့မှစ၍ ငှားရမ်းကာလ (၃၀)နှစ် စတင်ရေတွက်သွားမည်ဖြစ်ပါသည်။

အပိုဒ် ၃ "စီးတီးမင်း"၏ တာဝန်ဝတ္တရားများ

၃-၁၁ "စီးတီးမင်း"သည် ဟိုတယ်နှင့်ဝင်းအတွင်းရှိ သီးခြားအဆောက်အအုံများကို ပြင်ဆင်မွမ်းမံခြင်း၊ ခြယ်သခြင်းများနှင့် ဆက်စပ်လျက်ရှိသော အထောက်အကူပြု ဆောက်လုပ်တပ်ဆင်ခြင်းတို့ကို ၁၀၀ (တစ်ရာ) ရာခိုင်နှုန်းပြည့် ရင်းနှီးမြှုပ်နှံရမည်။ ၎င်းလုပ်ငန်းများကို စာချုပ်လက်မှတ်ရေးထိုးပြီး၍ အဆောက်အအုံဟောင်းများ ရွှေ့ပြောင်းပြီးနောက် (၄၈)လအတွင်း အပြီးတည်ဆောက်ရမည်။

၃-၀၂ မြေငှားရမ်းကာလ ၃၀ (သုံးဆယ်)နှစ် ကုန်ဆုံးသောအခါ သို့မဟုတ် ထပ်မံငှားရမ်းသည့်ကာလ ကုန်ဆုံးသည့်အခါတွင် ဟိုတယ်၊ Plaza , Shopping Centre & Condominium, Offices & Apartments များနှင့် အခြားဆောက်လုပ်မှုများကို ယင်းတို့နှင့်ဆက်စပ်ပတ်သက်လျက်ရှိသော ပစ္စည်းအားလုံးနှင့်တကွ "မန်းစည်ပင်"သို့ မည်သည့်အဖိုးအနားမျှမယူဘဲ ကောင်းမွန်စွာ ပြုပြင်ထိန်းသိမ်းထားရှိသည့် အခြေအနေအတိုင်း လွှဲပြောင်းပေးရမည်။

၃-၀၃ "စီးတီးမင်း" သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ရလျှင်ရချင်းလုပ်ငန်းများ စတင်လုပ်ဆောင်ရမည်။

၃-၀၄ "စီးတီးမင်း"သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ-၂ (စ)အရ မြန်မာနိုင်ငံသားပိုင် လုပ်ငန်းဖြစ်ပြီး အဆိုပါဥပဒေ ပုဒ်မ -၂ (ဆ)အရ ရင်းနှီးမြှုပ်နှံမှုပြုလျက် ပုဒ်မ ၃(က) (စ) (ဆ) (ဇ) (ဈ) (ည) ပါ ရည်ရွယ်ချက်များအောင်မြင်စေရန် တတ်စွမ်းသမျှ အစွမ်းကုန်ကြိုးပမ်းရမည်။

၃-၀၅ "စီးတီးမင်း" အနေဖြင့် ဤစာချုပ်ပါ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ဆောင်မှုများအားလုံးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့် ယင်းတို့ကို အခါအားလျော်စွာ ပြင်ဆင်ချက် ဥပဒေများနှင့်အညီဖြစ်စေရန် တာဝန်ယူပါသည်။

၃-၀၆ "စီးတီးမင်း" သည် "မန်းစည်ပင်"သို့မဟုတ် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အစိုးရအဖွဲ့အစည်းများသို့ ဤစာချုပ်အရ အကျုံးဝင်သော လုပ်ဆောင်မှုများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို အကြောင်းအားလျော်စွာ တောင်းခံလာတိုင်း ပြုစုတင်ပြရမည်။

၃-၀၇ "စီးတီးမင်း"သည် "မန်းစည်ပင်"၏ စာဖြင့် သဘောတူညီမှုမရရှိဘဲ ဟိုတယ်၊ Plaza, Shopping Centre & Condominium, Offices & Apartments နှင့် အခြားလုပ်ငန်း အဆောက်အအုံနှင့် အခြားပါဝင်သော တည်ဆောက်တပ်ဆင်ထားသည့် ပစ္စည်းများ အပါအဝင် အားလုံးကိုသော် လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း၊ ထပ်ဆင့်ငှားရန်၊ ရောင်းရန်၊ လွှဲပြောင်းရန်၊ တစ်နည်းနည်းဖြင့်ခွဲရန် လုပ်ပိုင်ခွင့်မရှိစေရ။ ထို့ပြင် တည်ဆောက်ခြင်း၊ လုပ်ကိုင်ဆောင်ရွက်ခြင်း၊ စီမံခန့်ခွဲခြင်း၊ အခွင့်အရေးပိုင်ခွင့်နှင့် ဤစာချုပ်အရ ဖြစ်ထွန်းသည့် အကျိုးကျေးဇူးခံစားခွင့်များကို "စီးတီးမင်း" သည် မိမိနှင့်ဆက်နွယ်သူများ သို့မဟုတ် မည်သည့်ပုဂ္ဂိုလ်အဖွဲ့အစည်းများအားမဆို "မန်းစည်ပင်"၏ စာဖြင့်သဘောတူညီမှုမရှိဘဲ ဖြန့်ဝေလုပ်ကိုင် ခံစားစေခြင်းမပြုရ။

၃-၀၈ "စီးတီးမင်း" သည် အထက်အပိုဒ် ၂ တွင် သတ်မှတ်ခဲ့သော နည်းလမ်းအတိုင်း မြေငှားရမ်းခကို ပေးချေရမည်။

၃-၀၉ "စီးတီးမင်း" သည် အငှားချထားသော မြေနှင့်တကွ ဟိုတယ်နှင့် Plaza , Shopping Centre & Condominium, Offices & Apartment နှင့် အခြားအဆောက်အဦများနှင့် အခြားပစ္စည်းများ၌ ပြုလုပ်သောလုပ်ဆောင်မှု၊ လှုပ်ရှားဆောင်ရွက်ချက်များအားလုံးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ ဖြစ်ကြောင်း အာမခံရမည်။

၃-၁၀ "စီးတီးမင်း" သည် ငွေစာရင်းများကို မှန်ကန်စွာထားရှိရမည်။ စာရင်းများကိုလည်း နှစ်စဉ်ပုံမှန် မန်းစည်ပင်ဌာနတွင် စစ်ဆေးရေးဌာနခွဲ၏ စာရင်းစစ်များနှင့် စစ်ဆေးစေရမည်။

၃-၁၁ မြေခွန်ဌာနမှ ကောက်ခံသော မြေခွန်မှအပ အခြားသက်ဆိုင်သော အခွန်အခများကို "စီးတီးမင်း" က ပေးချေရမည်။

၃-၁၂ "စီးတီးမင်း"သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် မြန်မာ့အာမခံဥပဒေတို့နှင့်အညီ မြန်မာ့အာမခံလုပ်ငန်းတွင် ပြဋ္ဌာန်းချက်များအတိုင်း အာမခံထားရှိရမည်။

၃-၁၃ "စီးတီးမင်း"သည် ရေဆိုးများသန့်စင်စေရန်စီမံခြင်း၊ ရေလွှတ်စနစ်ထားရှိခြင်းတို့ကို ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းနှင့် ဥပဒေများအရ ပတ်ဝန်းကျင် ညစ်ညမ်းမှုမရှိစေရန် အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၃-၁၄ တည်ဆောက်မှုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် လိုအပ်လျှင်သော်လည်းကောင်း၊ ပြုပြင်မွမ်းမံရန် လိုအပ်လျှင်သော်လည်းကောင်း၊ အဆောက်အအုံပုံစံများအတွက် "စီးတီးမင်း"သည် "မန်းစည်ပင်"၏ သဘောတူညီချက်ယူရမည်။

အပိုဒ် ၄ "မန်းစည်ပင်" ၏တာဝန်ဝတ္တရားများ

၄-၀၁ "မန်းစည်ပင်"သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် မှတစ်ဆင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရထံမှ ရင်းနှီးမြှုပ်နှံမှုခွင့်ပြုချက်ရရှိရေးအတွက် ကူညီဆောင်ရွက်ရန် တာဝန်ယူရမည်။

၄-၀၂ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေအရ အခွန်သက်သာခွင့်နှင့် ကင်းလွတ်ခွင့်များ လျှောက်ထားရာ၌ ကူညီရန်တာဝန်ယူရမည်။

၄-၀၃ လိုအပ်သော ခွင့်ပြုချက်များ၊ မှတ်ပုံတင်မှုများ၊ လိုင်စင်များကို သက်ဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အာဏာပိုင်အဖွဲ့အစည်းများထံမှ ရယူရာတွင် ကူညီရန်တာဝန်ယူရမည်။

၄-၀၄ "စီးတီးမင်း" အတွက် ရေနှင့် လျှပ်စစ်ရရှိရေးတို့တွင် ကူညီဆောင်ရွက်ပေးရမည်။

အပိုဒ် ၅ **တာဝန်ယူခြင်း (Warranty) နှင့် ကိုယ်စားပြုခြင်း (Representation)**

၅-၀၁ "စီးတီးမင်း" နှင့် "မန်းစည်ပင်"တို့သည် သက်ဆိုင်ရာ ဥပဒေများအရ လုပ်ပိုင်ခွင့်အပ်နှင်းခံရသော တရားဝင်ပုဂ္ဂိုလ်ဖြစ်ကြောင်းနှင့် ဤစာချုပ်ကိုချုပ်ဆိုရန် အခွင့်အာဏာရှိသူ၊ ဘဏ္ဍာငွေ တောင့်တင်းသူနှင့် လုပ်ပိုင်ခွင့်ရှိသူအဖြစ် အသီးသီးတင်ပြ၍ တာဝန်ယူကြပါသည်။

အပိုဒ် ၆ **လုပ်ငန်းဘောင်နှင့် လုပ်ဆောင်မှုဖြစ်စဉ် (Frame & Process)**

၆-၀၁ **"စီးတီးမင်း"** သည် အပြည်ပြည်ဆိုင်ရာ အဆင့်မီသော အဆောက်အအုံနှင့် အသုံးအဆောင်ပစ္စည်းများ၊ ပရိဘောဂများ၊ တပ်ဆင်မှုတန်ဆာများ ထားရှိရမည်။

၆-၀၂ "မန်းစည်ပင်" သည် "စီးတီးမင်း" အနေဖြင့် ဟိုတယ်၊ Plaza, Shopping Centre & Condominium, Offices & Apartments အခြားလုပ်ငန်းများ ပုံမှန်လည်ပတ်စေရန် အောင်မြင်စွာနှင့် ထိရောက်စွာ စီမံဆောင်ရွက်ရန်၊ လုပ်ငန်းများအကောင်အထည်ဖော်လုပ်ဆောင်ရာတွင် အတတ်နိုင်ဆုံး ကာကွယ်စောင့်ရှောက်မှုပေးရန် တာဝန်ရှိသည်။

၆-၀၃ "မန်းစည်ပင်"သည် လိုအပ်သည့်အခါတိုင်း "စီးတီးမင်း"၏ လုပ်ငန်းဌာနများသို့ ဝင်ရောက်၍ လုပ်ငန်းစာရင်းများကိုလည်း လိုအပ်သလိုကြည့်ရှု စိစစ်ခွင့်ရှိရမည်။

၆-၀၄ "စီးတီးမင်း" သည် ဟိုတယ်လုပ်ငန်းစတင်သည်မှ နှစ် (၃၀)ပြည့်သောအခါတွင် (သို့မဟုတ်) ထပ်မံငှားရမ်းသည့်ကာလကုန်ဆုံးသည့်အခါ ဟိုတယ်၊ Plaza, Shopping Centre & Condominium, Offices & Apartments အခြားလုပ်ငန်းများ၊ အဆောက်အအုံအပါအဝင် ဆက်စပ်ပတ်သက် လျက်ရှိသော ပစ္စည်းအားလုံးကို ပုံမှန်လုပ်ဆောင်နိုင်သည့် အခြေအနေအတိုင်း "မန်းစည်ပင်" သို့ လွှဲပြောင်းပေးရမည်။ လုပ်ငန်းကို "စီးတီးမင်း"က ဆက်လက်လုပ်ကိုင်လိုပါက စာချုပ်သက်တမ်း မကုန်မီ အနည်းဆုံး (၃)လ ကြိုတင်၍ ငှားရမ်းလိုသည့်ကာလကို ဖော်ပြ၍ "မန်းစည်ပင်" သို့တင်ပြပြီး ငှားရမ်းစ သဘောတူစာချုပ်အသစ်ချုပ်ဆို၍ "မန်းစည်ပင်" ၏ သဘောတူညီချက်အရ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ဆက်လက်လုပ်ဆောင်နိုင်သည်။

၆-၀၅ စီမံခန့်ခွဲလုပ်ဆောင်နေစဉ်ကာလအတွင်း ဟိုတယ်လုပ်ငန်း၊ Plaza, Shopping Centre & Condominium, Offices & Apartments အခြားလုပ်ငန်းများ ဖွံ့ဖြိုးမှုအစီအစဉ်အရ ပုံမှန်လည်ပတ်ရာတွင် ချောမွေ့မှုနှင့် အောင်မြင်မှုရှိသော လုပ်ငန်းအကောင်အထည်ဖော်နိုင်စွမ်း ရှိစေရေးအတွက် "မန်းစည်ပင်" သည် "စီးတီးမင်း"၏ လုပ်ငန်းများကို အခါအားလျော်စွာ စစ်ဆေးသုံးသပ်ပြီး လိုအပ် သောညွှန်ကြားမှုများ ပြုလုပ်နိုင်သည်။

၆-၀၆ ဟိုတယ်လုပ်ငန်းကို "စီးတီးမင်း" သည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ ပိုမိုအဆင့်အတန်းမြင့်လာရေး အတွက် "မန်းစည်ပင်"၏ ကြိုတင်သဘောတူညီချက်အရ ဟိုတယ်လုပ်ငန်းကျွမ်းကျင်သော ကုမ္ပဏီ တစ်ခုခုဖြင့်သော်လည်းကောင်း စီမံခန့်ခွဲ၍လုပ်ဆောင်နိုင်သည်။ ပြည်ပကုမ္ပဏီဖြစ်ပါက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။

အပိုဒ် ၇ ဟိုတယ်၊ **Plaza, Shopping Centre & Condominium, Offices & Aparments** အခြားလုပ်ငန်းနှင့် အဆောက်အအုံများ လွှဲပြောင်းပေးခြင်း။

ငှားရမ်းခြင်းကာလ အနှစ် (၃၀) သို့မဟုတ် ထပ်မံငှားရမ်းသည့်ကာလပြည့်သောအခါ (သို့မဟုတ်) စာချုပ်ရပ်စဲသောအခါတွင် ၎င်းနေ့မှစ၍ (၁၅) ရက်အတွင်း အပိုဒ် ၇-၀၄ တွင် ဖော်ပြထားချက် နှင့်အညီ ငှားရမ်းမြေနှင့်တကွ အဆောက်အအုံအားလုံးနှင့် ဆက်စပ်ပတ်သက်နေသော ပစ္စည်းများ အားလုံးကို အဖိုးစားနားမရှိဘဲ အပြည်ပြည်ဆိုင်ရာ အဆင့်မီအတိုင်း မွမ်းမံထားရှိပြီး ကောင်းမွန်စွာ ပုံမှန်အသုံးပြုနိုင်သည့်အခြေအနေအတိုင်း "စီးတီးမင်း" သည် "မန်းစည်ပင်"သို့ လွှဲပြောင်းပေးရမည်။

အပိုဒ် ၈ စာချုပ် စတင်အကျိုးသက်ရောက်သည့်နေ့ရက်

ဤစာချုပ်သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ထံမှ သဘောတူခွင့်ပြုချက်ရပြီးနောက် အသိသက်သေများရှေ့တွင် နှစ်ဦးနှစ်ဖက် လက်မှတ်ရေးထိုးသော နေ့ရက်မှစ၍ အကျိုးသက်ရောက်မှုရှိစေရမည်။

အပိုဒ် ၉ ဝန်ထမ်းများ ခန့်ထားခြင်း

၉-၀၁ လိုအပ်သောဝန်ထမ်းများကို ပြည်ထောင်စုမြန်မာနိုင်ငံ ဥပဒေများနှင့်အညီ အုပ်ချုပ်မှုအဖွဲ့က ခန့်ထားပြီး ၎င်းတို့၏လစာများ၊ အခကြေးငွေများ၊ ခရီးစရိတ်များ၊ အခွင့်အရေးများကိုလည်း ဥပဒေပြဋ္ဌာန်းချက်နှင့် အညီ ခွင့်ပြုသွားရမည်။ နိုင်ငံခြားဝန်ထမ်းများကို ခန့်ထားရာတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင် ၏သဘောတူညီချက်ကိုလည်း ကြိုတင်ရယူရမည်ဖြစ်သည်။

၉-၀၂ နိုင်ငံခြားသား ဝန်ထမ်းများကိုခန့်ထားပါက နိုင်ငံခြားသားဝန်ထမ်းများနှင့် ယင်းတို့၏ မိသားစုများ မြန်မာနိုင်ငံ၌ နေထိုင်စဉ် မြန်မာနိုင်ငံ၏ ဥပဒေများကို လေးစားလိုက်နာရန်နှင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းမပြုရန် "စီးတီးမင်း" က တာဝန်ယူရမည်။

အပိုဒ် ၁၀ အာမခံထားရှိခြင်း

မြန်မာ့အာမခံဥပဒေနှင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေများအရ အားလုံးသော လိုအပ်သည့် အာမခံစနစ်အမျိုးမျိုးကို မြန်မာ့အာမခံလုပ်ငန်းတွင် ထားရှိရမည်။

အပိုဒ် ၁၁ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ

မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၂၊ ၁၃ တို့တွင် ဖော်ပြ ပြဋ္ဌာန်းထားသော အခွန်ကင်းလွတ်ခွင့်နှင့် အခြားသက်သာခွင့်များကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ခံစားခွင့်ရှိစေရမည်။

အပိုဒ် ၁၂ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်း

"စီးတီးမင်း" သည် ဟိုတယ်၊ Plaza, Shopping Centre & Condominium, Offices & Apartments နှင့် အခြားလုပ်ငန်း အဆောက်အအုံများတွင်လည်းကောင်း၊ ယင်းတို့၏ ပတ်ဝန်းကျင်တွင်လည်းကောင်း ပတ်ဝန်းကျင် ထိန်းသိမ်းမှုအတွက် တာဝန်ရှိရမည်။ ၎င်းသည် ရေ၊ မြေ၊ လေ ညစ်ညမ်းမှုနှင့် ပတ်ဝန်းကျင်မသန့်ရှင်းမှုများကို မဖြစ်ပေါ်စေရန် ထိန်းသိမ်းနိုင်ရမည်။ "စီးတီးမင်း" သည် ရေဆိုးများ၊ သန့်စင်လုပ်ငန်းကဲ့သို့သော ပတ်ဝန်းကျင် ကာကွယ်မှုရှိစေရန် အစီအမံများပြုလုပ်ရမည်။ ထို့ပြင် မိမိ၏လုပ်ငန်းဝန်းကျင် သာယာစိုပြည် နှစ်လိုဖွယ်ရာရှိစေသော သန့်ရှင်းရေးလုပ်ငန်းစဉ်များကို လုပ်ဆောင်ရမည်။

အပိုဒ် ၁၃ စာချုပ်ရပ်စဲခြင်း

၁၃-၀၁ အောက်ဖော်ပြပါ အခြေအနေအဖြစ်အပျက်များ ပေါ်ပေါက်သည့်အခါတွင် စာချုပ်ရပ်ဆိုင်းသွားစေရမည်။

(က) စာချုပ်ဝင်နှစ်ဦးနှစ်ဖက်က မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ စာချုပ်ရပ်စဲရန်သဘောတူပြီး စာဖြင့်တင်ပြလျှက် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကလည်း သဘောတူညီခွင့်ပြုသည့်အခါ။

(ခ) စာချုပ်ဝင်တစ်ဖက်ဖက်က ဤစာချုပ်ပါ သတ်မှတ်ချက်များကို ဖောက်ဖျက်သည့်အခါ၊

(ဂ) "စီးတီးမင်း" သည် လူမွဲအဖြစ်ခံယူသည့်အခါ။

၁၃-၀၂ "စီးတီးမင်း" သည်သက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်မှုကြောင့် ဟိုတယ်လုပ်ငန်းလုံးဝရပ်ဆိုင်း ခြင်းခံရပါက အငှားချထားသည့်မြေနှင့် မြေပေါ်ရှိ "စီးတီးမင်း"မှ ဆောက်လုပ်ခဲ့သည့် အဆောက်အအုံ၊ ပစ္စည်းများအားလုံးပေါ်တွင် တပ်ဆင်မှုများ၊ ပုံစံပြောင်းလဲမှုများအပါအဝင် အားလုံးတို့ကို "စီးတီးမင်း" ထံသို့ အဖိုးစားနားမယူဘဲ ပြန်လည်အပ်နှံခြင်းပြုရမည်။

၁၃-၀၃ "စီးတီးမင်း" သည် ဤစာချုပ်ပါ သဘောတူညီချက်များကို ဆောင်ရွက်ရန် (သို့မဟုတ်) လိုက်နာရန် ပျက်ကွက်ပြီး ထိုပျက်ကွက်ခြင်းများအတွက် (၆) လအတွင်း ခိုင်လုံသောအကြောင်းပြချက်များ မတင်ပြနိုင်ပါက စာချုပ်ရပ်စဲပြီး မြေနှင့်တကွ မြေပေါ်ရှိအဆောက်အအုံ၊ ပစ္စည်းများ အားလုံးတို့အပေါ်တွင် တပ်ဆင်မှုများ ပုံစံပြောင်းလဲမှုများမရှိဘဲ အပါအဝင် အားလုံးတို့ကို "မန်းစည်ပင်"သို့ အဖိုးစားနားမဲ့ ပြန်လည်အပ်နှံခြင်းပြုရမည်။

အပိုဒ် ၁၄ ကြိုတင်စည်းကမ်းသတ်မှတ်ချက်

ဤစာချုပ် အကျိုးသက်ရောက်မှုသည် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း သက်ဆိုင်ရာ အစိုးရအာဏာပိုင်များ၏ ထိုစာချုပ်ကို အကောင်အထည်ဖော်ဆောင်ရန် လိုအပ်သော သဘောတူညီချက်နှင့် ခွင့်ပြုမိန့်များ ရရှိပြီးမှသာ အတည်ဖြစ်၍ အကျိုးသက်ရောက်စေရမည်။

အပိုဒ် ၁၅ စာချုပ်ကို ပြင်ဆင်ဖြည့်စွက်ခြင်း

စာချုပ်တွင် မပါဝင်ခဲ့သော ကိစ္စရပ်တစ်ရပ်ရပ်ကြောင့် ဖြစ်ပေါ်မှု တစ်ရပ်ရပ် (သို့မဟုတ်) အခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်ပြီး စာချုပ်ကို ပြင်ဆင်ဖြည့်စွက်ရန် လိုအပ်ပါက သက်ဆိုင်သူများသည် ထိုကဲ့သို့သော လိုအပ်သည့် ပြင်ဆင်ဖြည့်စွက်ချက်ကို နှစ်ဖက်ညှိနှိုင်းရေးသား၍ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ သဘောတူညီချက်ရယူကာ ပြင်ဆင်ဖြည့်စွက်ကြရမည်။

အပိုဒ် ၁၆ မတားဆီးနိုင်သော ဖြစ်ရပ်များ

၁၆-၀၁ မိမိ၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် စာချုပ်ဝင်တစ်ဖက်ဖက်သည် မတားဆီးနိုင်သော ဖြစ်ရပ်များကြောင့် ပျက်ကွက်ခြင်း၊ နှောင့်နှေးခြင်းများရှိသဖြင့် အခြားတစ်ဖက်တွင် နစ်နာမှုများပေါ်ပေါက်လာလျှင် ထိုသူသည် ထိုနစ်နာမှုအတွက် တာဝန်မရှိစေရ။ မတားဆီးနိုင်သော ဖြစ်ရပ်များ ဆိုသည်မှာ အစိုးရတစ်ဖွဲ့ဖွဲ့၏ တားဆီးမိန့်၊ သပိတ်မှောက်မှု၊ စစ်ဖြစ်မှု၊ ပိတ်ဆို့ထားမှု၊ သူပုန်ထမှု၊ အထိကရုန်းဖြစ်မှု၊ ကူးစက်ရောဂါပြန့်ပွားမှု၊ ပေါက်ကွဲမှု၊ မီးလောင်မှု၊ ရေကြီးမှု၊ လေမုန်တိုင်းကျမှု စသော တစ်ဖက်ဖက်တွင် လိုအပ်သောသတိနှင့် ဝီရိယရှိစေကာမူ မတားဆီးနိုင် မကျော်လွှားနိုင်သည့် အလားတူဖြစ်ရပ်များ ဖြစ်သည်။

၁၆-၀၂ စာချုပ်ဝင် နှစ်ဦးနှစ်ဖက်တို့သည် ထိုကဲ့သို့မတားဆီးနိုင်သည့် ဖြစ်ရပ်များနှင့် ကြုံတွေ့ရလျှင် ကြုံတွေ့ရသူက အခြားတစ်ဖက်က ထိုအဖြစ်အပျက်ကိုဖြစ်ပွားပြီး (၇)ရက်အတွင်း ဖြစ်ပွားမှုအခြေအနေ အသေးစိတ်ကို အကြောင်းကြားရမည်။ အတားအဆီးခံရသောသူ၏ တာဝန်များကို အခြားတစ်ဖက်၏သဘောတူညီမှုအရ ထိုမတားဆီးနိုင်သည့် အခြေအနေကာလအတွင်း ဆိုင်းငံ့စေရမည်။ သို့ရာတွင် ထိုဆိုင်းငံ့ကာလသည် အကျိုးအကြောင်းဆက်နွယ်မှုအရ လိုအပ်သည်ထက်ပို၍ မကြာစေရဘဲ ထိုအဖြစ်အပျက်ကိုလည်း အတားအဆီးခံရသူက အမြန်ဆုံးဖြစ်နိုင်သမျှ ဖယ်ရှားပစ်ရမည်။

၁၆-၀၃ ထိုမတားဆီးနိုင်သည့်ဖြစ်ရပ်ကို ဖယ်ရှားပြီးသည်နှင့် တစ်ပြိုင်နက် အတားအဆီးခံရသူသည် တာဝန်သိတတ်မှုဖြင့် အမြန်ဆုံးနှင့် အထိရောက်ဆုံး လုပ်ငန်းဆောင်ရွက်ရမည်။

အပိုဒ် ၁၇ အနုညာတစီရင်ခြင်း

၁၇-၀၁ "စီးတီးမင်း" နှင့် "မန်းစည်ပင်" တို့အကြား စာချုပ်နှင့်ပတ်သက်၍ အငြင်းပွားမှု တစ်စုံတစ်ရာ ပေါ်ပေါက်ပါက ရှေးဦးစွာ နှစ်ဦးနှစ်ဖက်အကြား ကောင်းမွန်မျှတသော ပြေလည်မှုရရှိရေးအတွက် ညှိနှိုင်းခြင်းဖြင့် ပြေလည်အောင် ဆောင်ရွက်ကြရမည်။

၁၇-၀၂ နှစ်ဦးနှစ်ဖက်အကြားအငြင်းပွားမှုကို ပြေလည်စွာ မဖြေရှင်းနိုင်ပါက ထိုအငြင်းပွားမှုကို အနုညာတနည်းအားဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံ မန္တလေးမြို့တွင် ဖြေရှင်းရမည်။ အနုညာတခုံသမာဓိ လူကြီးတစ်ဦးစီကို တစ်ဖက်ဖက်စီက ခန့်ထားပြီး ထိုပြဿနာကို ဖြေရှင်းစေကာမူ မပြီးပြတ်ပါက ခုံသမာဓိလူကြီးနှစ်ဦးက နောက်ဆုံးအဆင့် ခုံသမာဓိလူကြီးတစ်ဦး (Umpire) ကို နှစ်ဦးသဘောတူရွေးချယ်ပြီး ဆုံးဖြတ်စေရမည်။ ထိုနောက်ဆုံးအဆင့် ခုံသမာဓိလူကြီး၏ အဆုံးအဖြတ်သည် အပြီးသတ်ဖြစ်စေရမည်။ အနုညာတခုံဖြင့် ဆောင်ရွက်ရာတွင် ၁၉၄၄ ခုနှစ်၊ အနုညာတ အက်ဥပဒေ (၁၉၄၄ ခုနှစ်၊ မြန်မာ့အက်ဥပဒေ အမှတ်-၁၄)ပြဋ္ဌာန်းချက်များနှင့် အညီဆောင်ရွက်ရမည်။

အပိုဒ် ၁၈ စာပေးစာယူပြုရန် လိပ်စာများ

"စီးတီးမင်း" နှင့် "မန်းစည်ပင်" တို့အကြား စာဆက်သွယ်ခြင်း၊ အကြောင်းကြားစာပေးပို့ခြင်းများကို အောက်ပါလိပ်စာများသို့ လိပ်မူရမည်။

(၁)	(၂)
"မန်းစည်ပင်"	"စီးတီးမင်း"
ဥက္ကဋ္ဌ မန္တလေးစည်ပင်သာယာရေးကော်မတီ မန္တလေးမြို့။	ဦးတင်မောင် (ခ) လီစန်းရှင် ဒါရိုက်တာ စီးတီးမင်းကုမ္ပဏီလီမိတက် အမှတ် ၄၀၂၊ ကမ်းနားလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။

အပိုဒ် ၁၉ အထွေထွေ

၁၉-၀၁ ဤစာချုပ်ပါ ပြဋ္ဌာန်းချက်များသည် မြေငှားရမ်းခြင်း သဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိပါက ဤစာချုပ်ပါ ပြဋ္ဌာန်းချက်များက လွှမ်းမိုးစေရမည်။

၁၉-၀၂ နောက်ဆက်တွဲပုံစံများ၊ မြေပုံများ၊ စာရင်းများအားလုံးသည် ဤစာချုပ်၏ တစ်ပူးတစ်ပေါင်းတည်းသော အစိတ်အပိုင်းများဖြစ်စေရမည်။

၁၉-၀၃ ဤစာချုပ်သည် နှစ်ဦးနှစ်ဖက်တို့၏ သဘောပေါက်နားလည်မှုများပါရှိပြီး ဤအကြောင်းအရာများ အပေါ် ယခင်က အချင်းချင်းသဘောတူညီချက်များ၊ နားလည်မှုများအားလုံးကိုလည်း လွှမ်းမိုးသည်။

အထက်ပါအချက်အလက်များကို နားလည်သဘောပေါက်သိရှိသည့်အတိုင်း နှစ်ဦးနှစ်ဖက် သက်ဆိုင်သူများသည် အောက်တွင် မိမိ၏လက်မှတ်နှင့် တံဆိပ်များကို အထက်ဖော်ပြရေးသား ထားသည့် (၂၀) ရက်၊ မေ လနှင့် ၁၉၉၇ ခုနှစ်တွင် သဘောတူကြောင်း လက်မှတ်ရေးထိုး ရိုက်နှိပ်ကြပါသည်။

ဥက္ကဋ္ဌ
မန္တလေးစည်ပင်သာယာရေးကော်မတီ

ဒါရိုက်တာ
စီးတီးမင်းကုမ္ပဏီလီမိတက်

(မန္တလေးမြို့စည်ပင်သာယာရေးကော်မတီ တံဆိပ် — စာအမှတ် .... ရက်စွဲ ....)

(စီးတီးမင်းကုမ္ပဏီလီမိတက်၊ မန္တလေး ☆ CITY MAN CO. LTD. MDY ☆)

အသိသက်သေများ

(၁)
လက်မှတ် ....
အမည် ဦးဖေခင်
ရာထူး တွဲဖက်ညွှန်ကြားရေးမှူး
လိပ်စာ မန္တလေးမြို့စည်ပင်သာယာရေး
ကော်မတီ

(၂)
လက်မှတ် ....
အမည် ဦးစိန်ဝင်း
ရာထူး ဒါရိုက်တာ (စက်ရုံလုပ်ငန်းရေးမှူး)
လိပ်စာ ၈၇ ဖြူလမ်း၊ ၄၃/၄၄ လမ်းကြား
ချမ်းအေးသာဇံမြို့

မန္တလေးမြို့ စည်ပင်သာယာရေး ကော်မတီနှင့် စီးတီးမင်းကုမ္ပဏီတို့အကြား (၂၀ - ၅ - ၉၇) ရက်နေ့တွင် ချုပ်ဆိုခဲ့သော တည်ဆောက်၊ လုပ်ဆောင်၊ လွှဲပြောင်းသဘောတူစာချုပ်ကို ပြင်ဆင်သည့် သဘောတူစာချုပ်

စာချုပ်ချုပ်ဆိုသူများ၊

ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ မန္တလေးမြို့၌ တစ်ထောင့်ကိုးရာ ကိုးဆယ့် ---ခုနစ်----- ခုနှစ်၊ ဖေဖော်ဝါရီ လ ---၂၀------ ရက်တွင်၊

ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ ဝန်ကြီးချုပ်ရုံးလက်အောက်ရှိ
မန္တလေးမြို့၊ စည်ပင်သာယာရေးကော်မတီ

(နောင်တွင် အခြားကွဲပြားသော အဓိပ္ပာယ်ဖော်ပြချက်မရှိလျှင် "မန်းစည်ပင်" ဟု ရည်ညွှန်းမည်ဖြစ်ပြီး၊ ယင်းစကားရပ်တွင် ယင်း၏ဆက်ခံသူများ၊ တရားဝင်ကိုယ်စားလှယ်များ၊ ခွင့်ပြုပြီး လွှဲအပ်ခံရသူများလည်း အကျုံးဝင်သည်ဟု မှတ်ယူရမည်ကို ဤကိစ္စအလို့ငှာ "မန်းစည်ပင်" ၏ ဥက္ကဋ္ဌ ဦးမြင့်မျိုးကြီး ထင်အောင်က တစ်ဖက်)

နှင့်

မန္တလေးမြို့၊ ချမ်းအေးသာဇံမြို့နယ်၊ ၇၇လမ်းနှင့် ၇၈လမ်းကြားတွင် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ ဖွဲ့စည်းထားသော စီးတီးမင်း ကုမ္ပဏီလီမိတက် (နောင်တွင် အခြားကွဲပြားသော အဓိပ္ပာယ်ဖော်ပြချက် မရှိလျှင် "စီးတီးမင်း" ဟု ရည်ညွှန်းမည်ဖြစ်ပြီး၊ ယင်းစကားရပ်တွင် ယင်း၏ဆက်ခံသူများ၊ တရားဝင် ကိုယ်စားလှယ်များ၊ ခွင့်ပြုပြီး လွှဲအပ်ခံရသူများလည်း အကျုံးဝင်သည်ဟု မှတ်ယူရမည်ကို ဤကိစ္စအလို့ငှာ ကိုယ်စားပြု စီးတီးမင်း ကုမ္ပဏီလီမိတက်၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးတင်မောင် (ခ) လီစန်းရှင် (အမျိုးသား မှတ်ပုံတင်အမှတ် ၉၊ မရမ(နိုင်) ၀၅၈၀၈၄-------------)က အခြားတစ်ဖက်) တို့သည် (၂၀ - ၅ -၉၇)နေ့က "မန်းစည်ပင်" နှင့် "စီးတီးမင်း" တို့အကြား ချုပ်ဆိုခဲ့သော တည်ဆောက်၊ လုပ်ဆောင်၊ လွှဲပြောင်း သဘောတူစာချုပ်ကို ပြင်ဆင်သည့် ဤသဘောတူစာချုပ်ကို အောက်ပါအတိုင်း နှစ်ဦးသဘောတူလက်မှတ်ရေးထိုး ချုပ်ဆိုကြပါသည်။

အဆောက်အဦးအခေါ်အဝေါ်ပြင်ဆင်ခြင်း

မူလစာချုပ်ပါ တည်ဆောက် လုပ်ဆောင် လွှဲပြောင်းမည့် အဆောက်အဦးများဖြစ်သော ဟိုတယ်၊ Plaza, Shopping Centre & Condominium Office Apartment၊ အစား

ဟိုတယ် Plaza, Super Market & Office, Condominium ဟူ၍ ပြောင်းလဲ ခေါ်ဆိုရန်။

မူလစာချုပ်ပါ စာပိုဒ်အချို့ကို ပြင်ဆင်ခြင်း

မူလစာချုပ်ပါ အပိုဒ် (၁)ပါ၊ အပိုဒ် ၁-၁၀၊ ၁-၀၂၊ ၁-၀၃၊ ၁-၀၄ နှင့် အပိုဒ် (၂)ပါ၊ ၂-၀၁၊ ၂-၀၃၊ ၂-၀၄၊ ၂-၀၈ နှင့် အပိုဒ် (၁၈) တို့ရှိ မူရင်းစာသားတို့ကို ပယ်ဖျက်၍ အောက်ပါအတိုင်း အစားထိုး၍ ပြင်ဆင်ပါသည်။

အပိုဒ် ၁။ **စာချုပ်အပိုင်းအခြား**

၁-၀၁ "မန်းစည်ပင်" သည် ၎င်းပိုင်ဆိုင်သော မန္တလေးမြို့၊ ချမ်းအေးသာဇံမြို့နယ်၊ ၇၇လမ်းနှင့် ၇၈လမ်းကြား၊ ၃၀လမ်းနှင့် ၃၃လမ်းအကြားရှိ မီးရထားအိမ်ရာတွင် မြေငှားရမ်း၍ အဆောက်အအုံဆောက်လုပ်နိုင်ရန် အတွက် မြေကွက်အကျယ်အဝန်း (၁၂.၁၈၈၁) ဧက (တည်နေရာမြေပုံကို နောက်ဆက်တွဲ(က)ဖြင့် ဖော်ပြထားပါသည်) ကို နှစ်ပေါင်း (၃၀) ငှားရမ်းရန် ဖြစ်ပါသည်။ နှစ် (၃၀)ကာလ ကုန်ဆုံးပြီးနောက် နှစ်ဖက်သဘောတူညီလျှင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ထောက်ခံချက်ဖြင့် အစိုးရအဖွဲ့က ခွင့်ပြုပါက ထပ်တိုး (၅)နှစ်ကာလ (၃) ကြိမ် ငှားရမ်းမည်။

၁-၀၂ "စီးတီးမင်း" သည် အဆိုပါ မြေကွက်ပေါ်တွင် တည်ဆောက်မှုလုပ်ငန်းများကို အောက်ပါအတိုင်း ဆောက်လုပ်မည်။

(က) ဟိုတယ်တည်ဆောက်မှုလုပ်ငန်းတွင် ကျပ်သန်းပေါင်း ၁၈၇.၇၈ (ကျပ်သန်းပေါင်း တစ်ရာရှစ်ဆယ့်ခုနစ် ဒသမ ခုနစ်ရှစ် တိတိ) နှင့် US$၁.၃၁ သန်း (အမေရိကန်ဒေါ်လာ တစ်ဒသမ သုံးတစ်သန်းတိတိ)ဖြင့် လည်းကောင်း၊

(ခ) Plaza တည်ဆောက်မှုလုပ်ငန်းတွင် ကျပ်သန်းပေါင်း ၂၂၄.၆၄ (ကျပ်သန်းပေါင်း နှစ်ရာနှစ်ဆယ့်လေး ဒသမ ခြောက်လေး တိတိ) နှင့် US$၁.၅၇ သန်း (အမေရိကန် ဒေါ်လာ တစ်ဒသမငါးခုနစ်သန်း တိတိ) ဖြင့် လည်းကောင်း၊

(ဂ) Condomunium တည်ဆောက်မှုလုပ်ငန်းတွင် ကျပ်သန်းပေါင်း ၁၃၂.၃၂ (ကျပ်သန်းပေါင်း တစ်ရာသုံးဆယ့်နှစ် ဒသမသုံးနှစ်တိတိ) နှင့် US$ ၀.၉၃ သန်း (အမေရိကန်ဒေါ်လာ သုံည ဒသမကိုးသုံး တိတိ)ဖြင့် လည်းကောင်း၊

(ဃ) Super Market & Office တည်ဆောက်မှုလုပ်ငန်းတွင် ကျပ်သန်းပေါင်း ၄၆၇.၀၆ (ကျပ်သန်းပေါင်း လေးရာခြောက်ဆယ့်ခုနစ် ဒသမသုံညခြောက် တိတိ) နှင့် US$ ၃.၂၇ (အမေတိကန် ဒေါ်လာ သုံးဒသမ နှစ်ခုနစ် တိတိ) ဖြင့် လည်းကောင်း၊

တည်ဆောက်သွားမည်ဖြစ်၍ ရင်းနှီးမြှုပ်နှံမှု အမေရိကန် ဒေါ်လာ ၇.၀၈ သန်း (အမေရိကန် ဒေါ်လာ ခုနစ်ဒသမသုံညရှစ်သန်းတိတိ) အပါအဝင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ကျပ် ၁၇၅၄.၂၈ သန်း (ကျပ်တစ်ထောင့်ခုနစ်ရာငါးဆယ့်လေး ဒသမ နှစ်ရှစ်သန်း) ကို အကုန်အကျခံ တည်ဆောက်သွားမည် ဖြစ်ပါသည်။

၁-၀၃ "မန်းစည်ပင်" နှင့် "စီးတီးမင်း" တို့သည် "စီးတီးမင်း" က အဆိုပါ မြေကွက်နှင့်တကွ ဟိုတယ်၊ Plaza, Super Market & Office, Condominium အဆောက်အဦးတို့ကို နှစ်ပေါင်း (၃၀)တိုင်တိုင် လုပ်ကိုင်ဆောင်ရွက်ပြီးနောက် ဤကာလ ကုန်ဆုံးသည့်အခါတွင် ယင်းအဆောက်အဦးများနှင့် ယင်းတို့နှင့် ဆက်နွယ်သည့် ပစ္စည်းများအားလုံးကို ပုံမှန်အသုံးပြုရန် ကောင်းမွန်စွာ ထိန်းသိမ်းထားရှိသည့် အခြေအနေအတိုင်း အဖိုးစားနားတစ်စုံတစ်ရာမပါရှိဘဲ "မန်းစည်ပင်"ကို လွှဲပြောင်းပေးရန် သဘောတူကြသည်။

၁-၀၄ "စီးတီးမင်း" မှ တည်ဆောက်သည့် အဆောက်အဦးများသည် "မန်းစည်ပင်" ၏ အတည်ပြုချက် ရရှိပြီးသော ပုံစံအတိုင်း ဖြစ်ရပါမည်။ ယင်းအဆောက်အဦးများတွင် (၈)ထပ်ရှိသော ဟိုတယ်တစ်လုံး၊ (၅)ထပ်ရှိသော ပလာဇာ (၆)လုံး၊ (၄)ထပ်ရှိသော ပလာဇာ (၂)လုံး၊ (၄)ထပ်ရှိသော Super Market & Office (၂)လုံးနှင့် (၈)ထပ်ရှိသာ Condomunium (၂)လုံး တို့ပါဝင်သည့် အဆောက်အဦးများ ပါဝင်မည် ဖြစ်ပါသည်။ ၎င်းပုံစံများကို နောက်ဆက်တွဲ(ခ) တွင် ဖော်ပြထားပါသည်။

အပိုဒ် (၂) ငှားရမ်းခနှင့် ပေးချေမှု စည်းကမ်းသတ်မှတ်ချက်

၂-၀၁ "စီးတီးမင်း" က "မန်းစည်ပင်" သို့ ဟိုတယ်လုပ်ငန်းအတွက် ပေးချေရမည့် နှစ်စဉ်ငှားရမ်းခမှာ ကျပ်ငွေဖြင့် ရရှိသည့် စုစုပေါင်းဝင်ငွေ (Gross Income in Kyats) ၏ ၅% (ငါးရာခိုင်နှုန်း)နှင့် ညီမျှသော ကျပ်ငွေ (သို့မဟုတ်) ကျပ်သိန်း ၆၀ (ကျပ်သိန်းခြောက်ဆယ် တိတိ)တို့အနက် များရာကို ပေးရမည့်အပြင်၊ အမေရိကန် ဒေါ်လာဖြင့် ရရှိသည့် စုစုပေါင်းဝင်ငွေ (Gross Income in US Dollars) ၏ ၅% (ငါးရာခိုင်နှုန်း)ကိုလည်း ပေးချေရပါမည်။

၂-၀၃ အဆိုပါ Plaza, Super Market & Office, Condominium လုပ်ငန်းများအတွက် အကယ်၍ ငှားရမ်းရရှိခြင်း မရှိသောကြောင့် အရှုံးပေါ်ပေါက်ခဲ့ပါက နိုင်ငံတော်မှ တာဝန်ပေးသည့် စာရင်းစစ်အဖွဲ့ဖြင့် စစ်ဆေးပြီး၊ အဆိုပါ စာရင်းစစ်အစီရင်ခံစာအရ အရှုံးပေါ်ပေါက်ကြောင်း မှန်ကန်သည်ဟု တွေ့ရှိရပါက အဆိုပါစာရင်းစစ်ဆေးသော ကာလအတွက် ငှားရမ်းခပေးချေခြင်းမှ ကင်းလွတ်ခွင့်ပြုရန် ဖြစ်သည်။ အရှုံးပေါ်ပေါက်ခြင်း မရှိပါက အထက်အပိုဒ် ၂-၀၂ တွင် သတ်မှတ်ထားသည့်အတိုင်း ပေးချေရမည်။ အရှုံးပေါ်ပေါက်ကြောင်း မှန်ကန်သည်ဟု စိစစ်တွေ့ရှိရပြီးနောက် ငှားရမ်းခများကို "မန်းစည်ပင်" နှင့် "စီးတီးမင်း" တို့ နှစ်ဦးနှစ်ဖက် ညှိနှိုင်း၍ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ ပြန်လည်တင်ပြ အတည်ပြုချက် ရယူရန်ဖြစ်သည်။

၂-၀၄ "စီးတီးမင်း" သည် စီးတီးမင်းကုမ္ပဏီလီမိတက် စတည်တည်ထောင်သည့်နေ့ဖြစ်သော (၂၅-၂-၉၇) နေ့မှစ၍ (၄၈)လအတွင်း (၈)ထပ်ရှိသာ ဟိုတယ်တစ်လုံး၊ (၅)ထပ်ရှိသော ပလာဇာ (၆)လုံး၊ (၄)ထပ်ရှိသော ပလာဇာ (၂)လုံး၊ (၄)ထပ် Super Maret & Office (၂)လုံးနှင့် (၈)ထပ်ရှိသော Condomunium (၂)လုံး၊ အဆောက်အဦးများကို အပြီးအစီး တည်ဆောက်ပြီး ဖွင့်လှစ်နိုင်ရမည်။ အကယ်၍ မဖွင့်လှစ်နိုင်ပါက၊ ဖွင့်လှစ်ဘိသကဲ့သို့ (၄၈)လပြည့် သည်နေ့မှစ၍ သတ်မှတ်သည့် နှစ်စဉ်ငှားရမ်းခငွေ ဖြစ်သော ဟိုတယ်လုပ်ငန်းအတွက် ကျပ်သိန်း (၆၀) (ကျပ်သိန်းခြောက်ဆယ်တိတိ) နှုန်းထားအတိုင်း ပေးချေရမည်။ ပလာဇာ Super Market & Office Condomunium လုပ်ငန်းများအတွက်လည်း နှစ်စဉ်ငှားရမ်းခဖြစ်သော ငှားရမ်းနိုင်သော ဧရိယာ (Net Rentable Area) ၏ တစ်စတုရန်း မီတာလျှင် ကျပ် ၆၀၀ (ကျပ်ခြောက်ရာတိတိ) ကိုလည်းကောင်း ပေးသွင်းရမည်။

၂-၀၈ "စီးတီးမင်း" သည် "မန်းစည်ပင်" သို့ မြေအသုံးချခွင့် (Land Use Premium) အဖြစ် ငှားရမ်းခြင်း စာချုပ်ကို ကျပ်သိန်း ၃၆၂၂ (ကျပ်သိန်းပေါင်း သုံးထောင်ခြောက်ရာနှစ်ဆယ့်သိန်းတိတိ)ကို မူလမြေ ငှားရမ်းခြင်း သဘောတူစာချုပ် ချုပ်ဆိုပြီးနောက် ပေးဆောင်ရမည် ဖြစ်သည်။

အပိုဒ် ၁၈၊ စာပေးစာယူပြုရန်လိပ်စာများ

"စီးတီးမင်း" နှင့် "မန်းစည်ပင်" တို့အကြား စာဆက်သွယ်ခြင်း၊ အကြောင်းကြားစာပေးပို့ခြင်းများကို အောက်ပါ လိပ်စာများသို့ လိပ်မူရမည်။

၁။ "မန်းစည်ပင်"
ဥက္ကဋ္ဌ
မန္တလေးမြို့စည်ပင်သာယာရေးကော်မတီ
မန္တလေးမြို့။

(၂) "စီးတီးမင်း"
အုပ်ချုပ်မှုဒါရိုက်တာ
စီးတီးမင်းကုမ္ပဏီလီမိတက်
လမ်း (၃၀)နှင့် (၃၁)လမ်းကြား
လမ်း (၇၇) နှင့် (၇၈) လမ်းကြား၊
ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့

ဤတည်ဆောက်၊ လုပ်ဆောင်၊ လွှဲပြောင်း ပြင်ဆင်ချက်စာချုပ်သည် မူလ မန္တလေးမြို့ စည်ပင်သာယာရေးကော်မတီနှင့် စီးတီးမင်းကုမ္ပဏီလီမိတက်တို့ (၂၀ - ၅ - ၉၇) နေ့တွင် ချုပ်ဆိုခဲ့သော စာချုပ်၏ တစ်စိတ်တစ်ဒေသဖြစ်စေရမည်။ ဤပြင်ဆင်ချက် စာချုပ်တွင် ပြင်ဆင်သည့် ဖော်ပြချက်များမှအပ ကျန်စာချုပ်ပါ ပြဋ္ဌာန်းချက်၊ သဘောတူညီချက်များသည် အပြောင်းအလဲမရှိပဲမူလစာချုပ်တွင် ဖော်ပြထားသည့်အတိုင်း ဆက်လက်အသက်ဝင်စေရမည်။

ဤပြင်ဆင်ချက်စာချုပ်ကို နှစ်ဖက်စာချုပ်ဝင်များ လက်မှတ်ရေးထိုးပြီးနောက် မူလစာချုပ်ပါ အပိုဒ် ၂၅အရ မြန်မာနိုင်ငံ သားများ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ သဘောတူညီချက်ရရှိသည့်အခါ အတည်ဖြစ်စေရမည်။

အထက်ပါပြင်ဆင်ချက်များကို သိရှိနားလည်သဘောပေါက်ပြီးသည့်အလျှောက် စာချုပ်ဝင်နှစ်ဦးနှစ်ဖက်ကိုယ်စားသည် ဤပြင်ဆင်ချက် စာချုပ်တွင် အထက်ဖော်ပြထားသော ခုနှစ်၊ လနှင့် နေ့ရက်တွင် မိမိတို့၏ လက်မှတ်နှင့် တံဆိပ်များကို အောက်၌ ရိုက်နှိပ်ရေးထိုး သဘောတူညီကြပါသည်။

ဥက္ကဋ္ဌ မန္တလေးမြို့စည်ပင်သာယာရေးကော်မတီ	ဦးတင်မောင် (ခ) လီ... အုပ်ချုပ်မှုဒါရိုက်တာ စီးတီးမင်းကုမ္ပဏီလီမိတက်

မန္တလေးမြို့စည်ပင်သာယာရေးကော်မတီ
စာအမှတ်............
ရက်စွဲ............

CITY MAN CO. LTD. MDY
စီးတီးမင်းကုမ္ပဏီလီမိတက်

အသိသက်သေများ


(၁)	(၂)
လက်မှတ် ------------------	လက်မှတ် ------------------
အမည် ဦးဖေခင်	အမည် ဦးစန်းခင်
ရာထူး တွဲဖက်အတွင်းရေးမှူး	ရာထူး ဒါရိုက်တာ (အတွင်းရေးမှူး)
လိပ်စာ မန္တလေးမြို့စည်ပင်သာယာရေးကော်မတီ	လိပ်စာ အမှတ် ၄၅ - ၃၁/၈၉ လမ်းကြား မန္တလေးမြို့

စီးတိုးမင်းကုမ္ပဏီ

၇၇×၇၈-လမ်းကြား နှင့် ၃၀×၃၃-လမ်းကြားတွင်


...တည်ဆောက်မည့်

အဆောက်အဦးပုံစံများ




ဒီဇင်းဖေါ်ကက်

SUPER MARKET




FRONT ELEVATION. 77th & 78th MAIN ROAD SIDE VIEW

SCALE 1mm : 1ft




LEFT & RIGHT SIDE ELEVATION. 32nd & 33rd Street SIDE VIEW SCALE 1mm : 1ft

PLAZA



FRONT ELEVATION.


SCALE ▲ 1 mm : 1 ft




RIGHT SIDE ELEVATION.

SCALE ▲ 1 mm : 1 ft

HOTEL




FRONT ELEVATION




SIDE ELEVATION

HOTEL
[EIGHT STORIES]




FRONT ELEVATION.

SCALE . 1mm : 1 ft




LEFT SIDE ELEVATION.

SCALE . 1mm : 1 ft



FRONT ELEVATION.

SCALE 1 mm:1 ft



RIGHT & LEFT SIDE ELEVATION.

SCALE 1 mm:1 ft

လုပ်ငန်းပိုင်းနှင့်ငွေရေးကြေးရေး ဆိုင်ရာ အထောက်အထားများ

အပိုဒ်(၃) လုပ်ငန်းရှင်းလင်းမှုပြစ်စဉ် ဆောင်ရွက်ခြင်း

စီးတီးမင်းကုမ္ပဏီနှင့်မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့ နှစ်ဦးသဘောတူချုပ်ဆိုငှားရမ်းထားသည့် ချမ်းအေးမန္တလာအိမ်ရာစီမံကိန်းအတွင်း သဇင်ပလာဇာ(၃) အဆောက်အဦအား ဆေးရုံဆေးခန်းဖွင့်လှစ်ခွင့် နောက်ခံသမိုင်းအကျဉ်း

၁။ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၃၁× ၃၃ လမ်းကြား၊ ၇၇× ၇၈လမ်းကြားရှိ မြေတိုင်းရပ်ကွက် ၆၂၄၊ ၆၂၇၊ ၆၃၂၊ ၆၃၅ မြန်မာ့မီးရထားပိုင်မြေ (၁၂.၁၉၉၁)ကေအား ဟိုတယ်၊ ရုံးခန်း၊ ဈေးဆိုင်ခန်း၊ ကွန်ဒိုမီနီယံတည်ဆောက်ခြင်း၊ ငှားရမ်းခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် စီးတီးမင်းကုမ္ပဏီနှင့်မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့နှစ်ဦးသဘောတူမြေငှားရမ်းခြင်းသဘောတူစာချုပ်နှင့် တည်ဆောက်၊ လုပ်ဆောင်၊ လွှဲပြောင်း ခြင်း BOT စာချုပ်များ ချုပ်ဆိုခဲ့ပါသည်။

၂။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှလည်း ထိုချမ်းအေးမန္တလာအိမ်ရာစီမံကိန်းအား (၂၃.၁.၁၉၉၈) ရက်နေ့ ၁၃/၉၈ ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်အရ ခွင့်ပြုမိန့်အမှတ်စဉ် (မနသ-၀၂၁/၉၆) ဖြင့် ရင်းနှီးမြှုပ်နှံသူအမည် ဦးတင်မောင် အမည်ဖြင့် ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါသည်။

၃။ ထိုခွင့်ပြုထားသည့် ချမ်းအေးမန္တလာအိမ်ရာစီမံကိန်းပါ အစိတ်အပိုင်းဖြစ်သည့် သဇင်ပလာဇာ(၃)အား ပလာဇာအစား ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းအဖြစ် ၂၀၁၃ ခုနှစ်တွင် ဆေးရုံဆေးခန်း ဖွင့်လှစ်ခဲ့ရာ ပလာဇာအစားဆေးရုံလုပ်ငန်းဆောင်ရွက်ခဲ့ခြင်းကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ကြိုတင်ခွင့်ပြုတင်ပြခဲ့ခြင်းမရှိပါ၍ ၂၀၁၆ ခုနှစ်၊ မတ်လ၊ (၁၈)ရက်နေ့တွင် ကျင်းပသော (၁၀/၂၀၁၆) ကြိမ်မြောက် အစည်းအဝေးမှ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၃၂(ဂ)အရ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မှ ရပ်ဆိုင်းခဲ့သည့်(၁၃.၁၀.၂၀၁၅)ရက်နေ့မှစ၍ တစ်နှစ်တိတိရပ်ဆိုင်းရန် ပြစ်ဒဏ်ချမှတ် ခဲ့ပါသည်။

၄။ မိမိတို့ စီးတီးမင်းကုမ္ပဏီမှ ပြစ်ဒဏ်ကာလကျော်လွန်ခဲ့ပြီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှလည်း ထိုစီမံကိန်းပါ သဇင်ပလာဇာ(၃)မြေနေရာ အဆောက်အဦနှင့်ဆေးရုံ ဆေးဝါးကုသစက်ပစ္စည်းကိရိယာများအား ယာယီသိမ်းဆည်းထားရာမှ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ပြီး ဖြစ်ပါသည်။

စည်ပင်မှ သတ်မှတ်သည့်အဆောက်အဦ (၂) ထပ်တိုးဆောက်လုပ်ခဲ့မှုအတွက် ဒဏ်ကြေးငွေကို
ပေးဆောင်ခဲ့ပြီးဖြစ်ပါသည်။

၅။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဦးတင်မောင်အမည်ဖြင့် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းလိုင်စင်အား(၂၀.၈.၂၀၁၃)ရက်စွဲဖြင့် လိုင်စင်အမှတ် (ပဂက/ထွေဆရ/၁၀/၁၁) ဖြင့် လုပ်ငန်းလိုင်စင်ရရှိခဲ့ပြီး၊ ၂၀၁၃ ခုနှစ်မှစ၍ တော်ဝင်နှင်းဆီဆေးရုံဆေးခန်းအဖြစ် ခေတ်မှီကုတင်(၁၀၀) ကျန်းမာရေးလုပ်ငန်းအား အထူးဓါတ်မှန် / ဓါတ်ခွဲခန်းလုပ်ငန်းများဖြင့် ဆောင်ရွက်ခဲ့ပြီး၊ ၂၀၁၅ ခုနှစ်တွင် ခေတ္တယာယီ ပိတ်သိမ်းထားခြင်း ဖြစ်ပါသည်။

၆။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုထားသည့် ချမ်းအေးမဏ္ဍလာအိမ်ရာစီမံကိန်းပါ အစိတ်အပိုင်းတစ်ခုဖြစ်သည့် သဇင်ပလာဇာ(၃)အဆောက်အဦအား ပြည်သူ့ကျန်းမာရေးကိုပုဂ္ဂလိကအခန်းကဏ္ဍမှ အထောက်အကူဖြစ်စေရန် တော်ဝင်နှင်းဆီဆေးရုံ ၄ဆေးခန်းအဖြစ် လုပ်ကိုင်ဆောင်ရွက်ရန် တင်ပြခြင်းဖြစ်ပါသည်။

(၈၀-၂)

Myanma Apex Bank®

Account No : 0170161017000876057 (MMK)

Name : U TIN MAUNG a LI SAN SHIN 09/MARAMA(N)058084

Address : GREATWALL TAKYER SAT TA NGER (NORTH) YWER 0269660 MATAYAR PYINOOLWIN MANDALAY

SNo	Date	Trans. Type	Narrative	Cheque No.	Debit Amount	Credit Amount	Balance
1	01/04/2017	B/F					144,913,359
2	03/04/2017	SWO	051 kyaw thet haing 09-2110600		5,000,000.00		139,913,359
3	04/04/2017	SWO	017-U NAING WIN		55,000,000.00		84,913,359
4	05/04/2017	CHD	049 KO ARKAR MIN TUN 09-780121413			479,879,530.00	564,792,889
5	05/04/2017	SWO	017-U KYAW KYAW LWIN / 09-2059550		25,000,000.00		539,792,889
6	06/04/2017	SWO	010		60,000,000.00		479,792,889
7	10/04/2017	SWO	017-U WIN MYINT SOE		16,000,000.00		463,792,889
8	10/04/2017	SWO	017-LAWON MAUNG		5,000,000.00		458,792,889
9	10/04/2017	SWO	017-U BO MG 09-250378787		7,500,000.00		451,292,889
10	10/04/2017	SWO	017-U WIN MYINT SOE		8,900,000.00		442,392,889
11	11/04/2017	SWO	017-DAW HTET HTET LIN AUNG		20,000,000.00		422,392,889
24/04/2017		Balance					422,392,889

Previous Balance	+	Total Deposit	-	Total Withdrawl	=	Total Balance
144,913,359.05	+	479,879,530.00	-	202,400,000.00	=	422,392,889.05

No. of Cash Withdrawls = 0

No. of Cash Deposit = 1

No. of Transfer Withdrawls = 9

No. of Transfer Deposit = 0

Unless the Bank is immediately notified of any discrepancy found in the statement of account it will be taken that the account has been found correct.


MANAGER
ACCOUNTS DEPARTMENT

Mandalay III Branch
No.627,Corner of 78th Road and 31st Street, East of Railway Station,Kitsanamahi Quarter,
Mandalay, Myanmar

Printed by LCY

24/4/2017 04:28:23

ချမ်းအေးမင်္ဂလာ အိမ်ယာစီမံကိန်း တည်နေရာပြ မြေပုံ



ယ႑-က
၁၁၊၉၆ ပ႑

ပြည်ထောင်စုမြန်မာနိုင်ငံတော်

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
မန္တလေးမြို့

မန္တလေးမြို့တော်
စည်ပင်သာယာရေးကော်မတီ

လူနေတိုက်ခန်းပိုင်ဆိုင်ခွင့်အာမခံစာအုပ်

စာအုပ်မိတ္တူမှန်ဖြစ်ပါသည်။



ပြည်ထောင်စုမြန်မာနိုင်ငံတော်
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
မန္တလေးမြို့

လူနေတိုက်ခန်း ပိုင်ဆိုင်ခွင့် အာမခံစာအုပ်

စာအုပ်အမှတ်စဉ် (၁) ထုတ်ပေးသည့်နေ့စွဲ ။ ၂၄-၁၂-၁၇

၁။ နေထိုင်ခွင့်ရရှိသူ အမည် ဦးတင်မောင် (ခ) လီခန်းရှင်

၂။ အဘအမည် ဦးဟလယ်ဇာ

၃။ နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ် ၉/မရမ(နိုင်) ၀၅၈၀၈၄

၄။ နေရပ်လိပ်စာ ဈေးချို(၁) ၃၁ လမ်း၊ ၇၇×၇၈ လမ်းကြား။

၅။ ပိုင်ဆိုင်သည့်အဆောက်အဦး

(က) တည်နေရာ ၃၁×၃၂ ကြား၊ ၇၇×၇၈ ကြား။

(ခ) အမျိုးအစား RC

(ဂ) အထပ် ၇ ထပ်

(ဃ) အခန်းအမှတ် သဇင်ပလာဇာ (၃)

(င) အကျယ်အဝန်း (171'-5" × 58'-6") × 7

၆။ အဆိုပါတိုက်ခန်းတွင်နေထိုင်ခွင့်ရရှိသူသည် ၎င်း၏တရားဝင်ပိုင်ဆိုင်နေထိုင်ခွင့်နှင့်စပ်လျဉ်း၍ ဤအာမခံ စာအုပ်တွင် ပါရှိသည့် အောက်ဖော်ပြပါစည်းကမ်းချက်များ၊ ရပိုင်ခွင့်များနှင့် လိုက်နာရန်တာဝန်များကို ကိုယ်တိုင်ဖတ်ရှုသိရှိပြီး ကျေနပ်စွာ လက်ခံလိုက်နာမည်ဖြစ်ကြောင်း သဘောတူလက်မှတ်ရေးထိုးပါသည်။

လက်မှတ်

အမည် ဦးတင်မောင်

(နေထိုင်ခွင့်ရရှိသူ)

အပိုဒ် - ၁။

အဓိပ္ပါယ်သတ်မှတ်ချက်။

ဤပိုင်ဆိုင်ခွင့် အာမခံစာအုပ်တွင် ပါရှိသော အောက်ပါစကား ရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပါယ် သက်ရောက်စေရမည်။

(က) ကော်မတီ - ဆိုသည်မှာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီကို ဆိုလိုသည်။

(ခ) ကုမ္ပဏီ - ဆိုသည်မှာ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ တရားဝင်မှတ်ပုံတင်၍ ဖွဲ့စည်းတည်ထောင်ထားပြီး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် တာဝန်ယူ တည်ဆောက်ပေးသည့် စီးတီးမင်းကုမ္ပဏီလီမိတက် ကို ဆိုလိုသည်။

(ဂ) ဝယ်ယူ/ငှားရမ်းသူ - ဆိုသည်မှာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင် (၇၇) လမ်း နှင့် (၇၈) လမ်းကြား၊ လမ်း (၃၀) နှင့် (၃၃) လမ်းကြား ရှိ စီးတီးမင်းကုမ္ပဏီလီမိတက်မှ တာဝန်ယူ တည်ဆောက် ထားသည့် တိုက်ခန်းအား အခကြေးငွေ ပေးချေ၍ ဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ ဝယ်ယူလွှဲပြောင်း ရယူသူ နှင့် ၎င်း၏ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းလက်ခံသူ အဆင့်ဆင့်ကို ဆိုလိုသည်။

(ဃ) မိသားစုဝင် - ဆိုသည်မှာ ဝယ်ယူ/ငှားရမ်းသူ၏ တရားဝင်ဇနီး၊ ခင်ပွန်း သားသမီး များနှင့်တရား ဥပဒေအရ အမွေဆက်ခံပိုင်ခွင့်ရှိသူ အားလုံးကိုဆိုလိုသည်။

(င) တိုက်ခန်း - ဆိုသည်မှာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်၊ စီးတီးမင်း ကုမ္ပဏီ လီမိတက်မှ တာဝန်ယူတည်ဆောက်ထားသည့် (၇၇)လမ်း နှင့် (၇၈)လမ်းကြား၊ လမ်း (၃၀) နှင့် (၃၃)လမ်းကြားရှိ အိမ်ယာအဆောက်အဦးမှ ဝယ်ယူသူ ဝယ်ယူရရှိ ထားသော တိုက်ခန်းကို ဆိုလိုပြီး တိုက်ခန်း၏ ဥပစာလည်း အကျုံးဝင်သည်။

(စ) တိုက်ခန်းတန်ဘိုး - ဆိုသည်မှာ မြန်မာကျပ်ငွေဖြင့် သတ်မှတ်ထားသည့် တိုက်ခန်း တန်ဘိုးကို ဆိုလိုသည်။

အပိုဒ် - ၂။

တိုက်ခန်းတန်ဘိုးပေးချေခြင်း။

ဝယ်ယူနေထိုင်သူသည် တိုက်ခန်းတန်ဘိုးကျသင့်ငွေ အားလုံးကို စီးတီးမင်း ကုမ္ပဏီ လီမိတက်သို့ ငွေအကြေပေးချေပြီးဖြစ်ရမည်။ ယင်းသို့ငွေအကြေပေးချေပြီးကြောင်း အထောက်အထား တင်ပြနိုင်ရမည်။

အပိုဒ် - ၃။

တိုက်ခန်းဝယ်ယူသူများမှ လိုက်နာရန်တာဝန်များ။

(က) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီထံမှလည်းကောင်း၊ စီးတီးမင်း ကုမ္ပဏီ လီမိတက်ထံမှလည်းကောင်း တရားဝင်ဝယ်ယူခွင့်ပြုသည့် တိုက်ခန်းတွင်သာ နေထိုင်ခွင့်ရှိသည်။

(ခ) စီးတီးမင်းကုမ္ပဏီလီမိတက်မှ သတ်မှတ်ထားသော တိုက်ခန်းတန်ဘိုးကို စီးတီးမင်း ကုမ္ပဏီလီမိတက်သို့ အကြေပေးချေပြီး ဖြစ်ရမည်။

(ဂ) တိုက်ခန်းနေထိုင်မှုစည်းကမ်းနှင့် ပတ်သက်၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ သတ်မှတ် ထုတ်ပြန်ထားသည့် ဤအာမခံစာအုပ်၏ နောက်ဆက်တွဲ (က) ပါ စည်းမျဉ်း၊ စည်းကမ်းများ၊ အခါအားလျော်စွာ ထုတ်ပြန်ကြေငြာသည့် စည်းမျဉ်း၊ စည်းကမ်းများ အတိုင်း လိုက်နာနေထိုင်ရမည်။

(ဃ) တိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ တစ်စုံတစ်ရာ အငြင်းပွားမှု ဖြစ်ပေါ်လာပါက သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ အဆုံးအဖြတ်ကို ခံယူရမည်။

(င) တိုက်ခန်းဝယ်ယူသူသည် ဤအာမခံစာအုပ်ပါ စည်းမျဉ်း၊ စည်းကမ်းများအပြင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ လိုအပ်ချက်အရ အခါအားလျော်စွာ ထုတ်ပြန်မည့် စည်းကမ်းချက်များကိုလည်း လိုက်နာရမည်။

အပိုဒ် - ၄။

တိုက်ခန်းဝယ်ယူသူ၏ ရပိုင်ခွင့်များ။

တိုက်ခန်းဝယ်ယူသူသည် အောက်ပါရပိုင်ခွင့်များရှိစေရမည်။

(က) တိုက်ခန်းဝယ်ယူသူသည် ဝယ်ယူသည့်တိုက်ခန်းကို ဥပဒေနှင့်အညီ အစဉ်အဆက် နေထိုင်ပိုင်ဆိုင်ခွင့် ရှိစေရမည်။

(ခ) တိုက်ခန်းဝယ်ယူသူသည် (............. ခုနှစ်မှ.............ခုနှစ်ထိ) ကနဦးနှစ် (၃၀)အတွင်း တိုက်ခန်း ငှားရမ်းခ ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသို့ ပေးရန်မလိုပါ။ ကနဦးနှစ်(၃၀) ပြည့်ပြီးသည့် နောက်ပိုင်း သင့်တင့်မျှတသော နှုန်းထားကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ညှိနှိုင်းဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။

(ဂ) တိုက်ခန်းဝယ်ယူသူသည် နောက်ဆက်တွဲ(က)ပါ ကန့်သတ်ထားချက်များမှလွဲ၍ နိုင်ငံတော်မှ ခွင့်ပြု ထားသည့် စီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာ လုပ်ပိုင်ခွင့် ရှိသည်။

(ဃ) တိုက်ခန်းအတွင်း ပြင်ဆင်မွမ်းမံခြင်းကို အဆောက်အဦး၏ ခိုင်ခန့်မှုအား မထိခိုက်စေပဲ ပြင်ဆင်ခွင့် ရှိစေရမည်။ ထိုသို့ပြင်ဆင်ရာတွင် မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ၏ ခွင့်ပြုချက်ကိုရယူရမည်။

(င) အဆောက်အဦးပြင်ဆင်ခွင့်

သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ အခြားမမျှော်မှန်းနိုင်သော ဖြစ်ရပ်များကြောင့် ဖြစ်စေ၊ မတားဆီးနိုင်သော ဖြစ်ရပ်များကြောင့်ဖြစ်စေ၊ အဆောက်အဦး ပျက်စီး ယိုယွင်းခြင်း၊ နေထိုင်ရန် မသင့်လျော်တော့ခြင်းတို့ ဖြစ်ပေါ်လာလျှင် ယင်းအဆောက် အဦးကို လက်ရှိလွှဲပြောင်းဝယ်ယူထားသူများက စုပေါင်းပိုင်ဆိုင် ကြသည်ဖြစ်ရာ ၎င်းတို့စုပေါင်း၍ ဖြစ်စေ၊ ၎င်းတို့အနက် တစ်ဦးဦးမှ တာဝန်ယူ၍ဖြစ်စေ၊ သို့မဟုတ် ၎င်းတို့မှ တာဝန်ပေးအပ်ခြင်းခံသူမှဖြစ်စေ၊ မူလအဆောက်အဦး၏ အဆင့်ထက် မနိမ့်ကျသော အဆောက်အဦးကို ပြန်လည်တည်ဆောက်နေထိုင် ပိုင်ခွင့် ရှိသည်။

အပိုဒ် – ၅။

ပေးဆောင်ရမည့်တာဝန်များ။

တိုက်ခန်းဝယ်ယူသူသည် မိမိနေထိုင်သည့် တိုက်ခန်းအတွက် အောက်ပါအခွန်အခများကို ပေးချေရန် တာဝန်ရှိသည်။

(က) လျှပ်စစ်မီတာခ၊

(ခ) စည်ပင်သာယာမှ ကောက်ခံသည့်အခွန်အခများ၊

(ဂ) အခြားသက်ဆိုင်ရာအခွန်အခများ၊

အပိုဒ် – ၆။

တိုက်ခန်းကိုစစ်ဆေးပိုင်ခွင့်

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ အရာထမ်းအမှုထမ်း တစ်ဦးဦး (သို့မဟုတ်) တာဝန်ပေးအပ်ခြင်းခံရသူ တစ်ဦးဦးက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ လုပ်ပိုင်ခွင့်အာဏာများနှင့်အညီ တာဝန်အရ စစ်ဆေးခွင့်တောင်းခံလျှင် နေထွက်ချိန်မှ နေဝင်ချိန်အတွင်း ဝယ်ယူပိုင်ဆိုင်သည့် တိုက်ခန်းကို စစ်ဆေးခွင့်ရှိစေရမည်။

ရုံးတံဆိပ်
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

တွဲဖက်အတွင်းရေးမှူး
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ရုံးတံဆိပ်
စီးတီးမင်းကုမ္ပဏီလီမိတက်

အုပ်ချုပ်မှုဒါရိုက်တာ
စီးတီးမင်းကုမ္ပဏီလီမိတက်

ကဆက်တွဲ (က)

က်ခန်းနေထိုင်မှုစည်းကမ်းနှင့်ပတ်သက်၍ အောက်ပါအတိုင်းလိုက်နာရမည်။

တိုက်ခန်းနေထိုင်သူ မိသားစုများသည် ပတ်ဝန်းကျင်နေထိုင်သူများအား အနှောက်အယှက်ဖြစ်စေမည့် အပြုအမူ အနေအထိုင်များ မပြုလုပ်ရ။

ပတ်ဝန်းကျင်မှ မခံမရပ်နိုင်သော ဆူညံခြင်းများ မပြုလုပ်ရ။

ပတ်ဝန်းကျင်ထိခိုက်၍ အနှောက်အယှက်ဖြစ်စေသော တိရိစ္ဆာန်များ မွေးမြူခြင်းမပြုရ။

စီးပွားရေးလုပ်ငန်းများ အတွက် အနံ့အသက်မကောင်းသော အကြော်အလှော် ကြော်ခြင်းများ မပြုလုပ်ရ။

တိုက်ခန်းတွင် မီးလောင်လွယ်သော ပစ္စည်းများ (ဥပမာ - ဓါတ်ဆီ၊ ရေနံဆီ၊ ရော်ဘာ၊ စက္ကူ၊ မီးသွေး စသည့်တို့) သိုလှောင်ထားခြင်း မပြုရ။

ပတ်ဝန်းကျင်ဆိတ်ငြိမ်ခြင်းကို ထိခိုက်ပျက်ပြားစေနိုင်လောက်အောင် အသံချဲ့စက်တို့ကို မဖွင့်ရ။

မူးယစ်သောက်စား၍ ရမ်းကားခြင်း မပြုရ။

ဆူညံသော စက်များ စသည်တို့ကို တိုက်ခန်းအတွင်း အသုံးမပြုရ။

ဥပဒေနှင့် ဆန့်ကျင်သော အပြုအမူများ၊ လုပ်ငန်းများကို တိုက်ခန်းအတွင်း မပြုလုပ်ရ။

အမှိုက်သရိုက် အညစ်အကြေးများကို တိုက်ခန်းအပြင်ဘက်သို့ စည်းကမ်းမဲ့စွန့်ပစ်ခြင်း မပြုရ။ မိမိတိုက်ခန်းအတွင်းမှ အမှိုက်ပုံးတွင်သာ စုစည်းထားပြီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မှ သတ်မှတ်ပေးထားသော အမှိုက် စွန့်ပစ် စံနစ် အတိုင်း လိုက်နာဆောင်ရွက်ရမည်။

လွှဲပြောင်းခြင်း
ခံရသူ၏ဓာတ်ပုံ

တိုက်ခန်းပိုင်ဆိုင်မှုလွှဲပြောင်းခြင်းမှတ်တမ်း

လွှဲပြောင်းသူ၏အမည် ....

လွှဲပြောင်းသူ၏နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ် ....

လွှဲပြောင်းခြင်းခံရသူ၏အမည် ....

လွှဲပြောင်းခြင်းခံရသူ၏နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ် ....

လွှဲပြောင်းသည့်တိုက်ခန်းတည်နေရာနှင့်အမှတ် ....

....

လွှဲပြောင်းသည့်နေ့စွဲ ....

ရုံးတံဆိပ်
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ရုံးတံဆိပ်
စီးတီးမင်းကုမ္ပဏီလီမိတက်

တွဲဖက်အတွင်းရေးမှူး
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

အုပ်ချုပ်မှုဒါရိုက်တာ
စီးတီးမင်းကုမ္ပဏီလီမိတက်

မှတ်ချက်။ ။ လွှဲပြောင်းခြင်းခံရသူသည် ဤအာမခံစာအုပ်ပါ စည်းမျဉ်းစည်းကမ်းများ တာဝန်များကို အထက်ပါ တရားဝင် လွှဲပြောင်းသည့်နေ့မှစ၍ တိကျစွာ ဆက်လက်လိုက်နာမည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုပါသည်။

လွှဲပြောင်းခြင်းခံရသူ အမည် .... လက်မှတ်

လွှဲပြောင်းခြင်းခံရသူ၏ဓာတ်ပုံ

တိုက်ခန်းပိုင်ဆိုင်မှုလွှဲပြောင်းခြင်းမှတ်တမ်း

လွှဲပြောင်းသူ၏အမည် ....

လွှဲပြောင်းသူ၏နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ် ....

လွှဲပြောင်းခြင်းခံရသူ၏အမည် ....

လွှဲပြောင်းခြင်းခံရသူ၏နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ် ....

